# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 16 May 2025 ၁၁၈၁၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနား ကျင်းပရက် ပြောင်းလဲသတ်မှတ်** စာမျက်နှာ » ၂

**လျှော်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဖိုရမ် ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ကောင်းမွန်သည့် ရလဒ်များဖြင့် တိုင်းပြည်အရှေ့တစ်ခုသို့ ရောက်ရှိစေရေးအတွက် လိုအပ်သည့် ဆွေးနွေးချက်များရရှိအောင် ဝိုင်းဝန်းဆောင်ရွက်** စာမျက်နှာ » ၅

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆင်သေရေလွှဲဆည်မှ စိုက်ပျိုးရေ ပြန်လည်ပေးဝေ** စာမျက်နှာ » ၁၀




ရန်ကုန်တိုင်းဒေသကြီးတွင် နွေစပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

## ရန်ကုန်တိုင်းဒေသကြီး၌ နွေစပါး ၂၆၇၀၇၈ ဧက တိုးချဲ့စိုက်ပျိုးခဲ့ပြီး ဧက ၁၉၀၀၀၀ ကျော် ရိတ်သိမ်းထား၍ မေလကုန်ပိုင်းတွင် အပြီးသတ်ရိတ်သိမ်းမည်

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီးတွင် နွေစပါးရာသီ၌ နွေစပါး ၂၆၇၀၇၈ ဧက တိုးချဲ့စိုက်ပျိုးခဲ့ပြီး မေလဒုတိယပတ်တွင် နွေစပါးဧက ၁၉၀၀၀၀ ကျော် ရိတ်သိမ်းထားပြီးဖြစ်၍ မေလကုန်ပိုင်း၌ နွေစပါးများကို အပြီးသတ်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း နွေစပါး ၂၅၀၈၉၆ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၂၆၇၀၇၈ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ယမန်နှစ်ကထက် နွေစပါး ၁၆၁၈၂ ဧက တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း၊ ရိတ်သိမ်းရန်ကျန်ရှိသော နွေစပါးများကို ခရိုင်အလိုက် ဆက်လက်ရိတ်သိမ်းလျက်ရှိပြီး တစ်ဧကလျှင် တင်း ၉၃ ဒသမ ၄၀ ထွက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့




# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး နိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုနှစ်ကုန်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဖြစ်ကြောင်း အတိအလင်း ပြောကြားထားသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၂၇ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ ရှိရာ စုစုပေါင်းနိုင်ငံရေးပါတီ ၇၇ ပါတီရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ခွင့်ပြုပေးခြင်း၊ ဆက်လက်စိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုကိုကိုယ်စားပြုပြီး နိုင်ငံ့အကျိုးကိုဆောင်ရွက်ကြမည်ဖြစ်ရာ ကောင်းမွန်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ နိုင်ငံရေးဆိုင်ရာ အသိပေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားနှစ်သက်သည်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူကို အမှန်တကယ်အကျိုးပြုမည့် နိုင်ငံရေးပါတီများကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ရန်လိုအပ်သလို ရွေးကောက်ပွဲကို ငြိမ်းချမ်းအောင်မြင်စွာဖြင့် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်သည်။ ဒီမိုကရေစီစနစ်၏ သဘောတရားဖြစ်သည့် မတူကွဲပြားမှုများကြားမှ ပေါင်းစည်းညီညွတ်လက်တွဲဆောင်ရွက်ကြသည့် ငြိမ်းချမ်းသောစိတ်ထားများ ထားရှိကြရန်လိုအပ်သည်။ ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက်ဖြစ်သည့် မတူကွဲပြားမှုများကိုရှေ့တန်းတင်ထားသည့် အကြမ်းဖက်ဝါဒကို ပြတ်ပြတ်သားသားဆန့်ကျင်ကြရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ယခုနှစ်ကုန်၌ ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးနှင့်ပတ်သက်၍ နိုင်ငံတကာမိတ်ဖက်နိုင်ငံများ၊ အပြုသဘောဆောင်သောနိုင်ငံများက လက်ခံနားလည်အသိအမှတ်ပြုကြပြီး ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ တရားမျှတမှုရှိ/မရှိ၊ မှန်ကန်စနစ်ကျနမှုရှိ/မရှိ၊ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်းရှိ/မရှိ နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ရွေးကောက်ပွဲကျင်းပခြင်းသည် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့်၊ ဒီမိုကရေစီနည်းလမ်းဖြင့် မှန်ကန်စွာဆောင်ရွက်ခြင်းဖြစ်သည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများနှင့် မတူညီဘဲ ရွေးကောက်ပွဲအခြေအနေ၊ ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုများပြားသည်။ ကျင်းပမည့် ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲကျင်းပမည့် အချိန်ကာလ၊ မဲပေးရမည့်ပုံစံများ မတူညီသည်ကို တွေ့ရသည်။ မဲပေးရာတွင် ယခင်က မဲလက်မှတ်များဖြင့် မဲပေးခဲ့သော်လည်း ယခု အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မဲပေးစက်ကို ပြည်တွင်းရှိ ကျွမ်းကျင်သူပညာရှင်များက ကမ္ဘာ့နိုင်ငံအသီးသီးတွင်အသုံးပြုသည့် မဲပေးစက်များကိုလေ့လာပြီး မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်များနှင့် အကိုက်ညီဆုံးဒီဇိုင်းပုံစံတီထွင်ခဲ့သည်။ မဲပေးစက်များကို အကြိမ်ကြိမ်စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီး အမှားအယွင်းမရှိစေရေး၊ လုံခြုံစိတ်ချမှုရှိစေရေး၊ မဲဆန္ဒရှင်ပြည်သူများ မဲပေးစက်အပေါ် ယုံကြည်မှုရှိစေရေး ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးစက်အကြောင်းသိရှိစေရန်နှင့် မဲပေးစက်ဖြင့် မှန်ကန်စွာမဲပေးတတ်စေရန် ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးစေခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်။ စက်များအသုံးချနိုင်ရေးအတွက် စက်ပိုင်းဆိုင်ရာများ၊ လူ့အရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့ကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကူညီဆောင်ရွက်ကြမှသာလျှင် အောင်မြင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူလူထုလိုလားသည့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် နိုင်ငံတော်က စနစ်တကျမှန်ကန်စွာ အဆင့်လိုက်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ နိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာဒေသအလိုက် အဖွဲ့အစည်းများ၊ မဲဆန္ဒရှင်ပြည်သူများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပရက် ပြောင်းလဲသတ်မှတ်

**နေပြည်တော် မေ ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် (၂၀၂၅ ခုနှစ် မေ ၂၀ ရက်) **(အစား)** ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် (၂၀၂၅ ခုနှစ် မေ ၂၂ ရက်) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပဉ္စင်းသံဃာ ၃၁ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ၁၁ ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ ဝိနယဓရ ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး၊ စာအောင်သံဃာ ၉၇ ပါး စုစုပေါင်း သံဃာတော် ၁၂၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀ ၅၆၀၇၉၀၊ ၀၉-၄၃၀၆၇၁၆၈ တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## လျှင်ဘေးသင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၅ ရက်အထိ သေဆုံးသူ ၃၇၂၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၄ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၂ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၅ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၇၁၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၈၀၀ | ၁,၆၇၂ | ၁၁,၃၆၉,၅၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၅၀ | ၁၁,၈၉၆ | ၃၆,၀၇၆,၄၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂၀ | ၁၅၆,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၀ | ၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၇ | ၂၀,၃၀၀ |
| EFR | ၁,၄၅၀ | ၁,၅၀၀ | ၄၂၈ | ၆၃၀,၆၀၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၀ | ၀ |
| MAEX | ၃,၀၀၀ | ၃,၁၀၀ | ၈၈၈ | ၂,၇၃၅,၆၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၆၀ | ၁၈၆,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ မော်စကိုမြို့နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်း ဘုန်းတော်ကြီး ကီးလ်ရီယိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် မော်စကိုမြို့နှင့် **ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်း ဘုန်းတော်ကြီး ကီးလ်ရီယိုက** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မြန်မာနိုင်ငံ၌ ငလျင်လှုပ်ခတ်ခဲ့သည့် သတင်းကို ကြားသိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများစွာ အသက်ဆုံးရှုံး ထိခိုက်ခံစားခဲ့ရပြီး နိုင်ငံ၏ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရခြင်းအတွက် အထူးစာနာထောက်ထားမိပါကြောင်းနှင့် မြေငလျင်ကြောင့် ထိခိုက်ခံစားရသူများအနေဖြင့် ခွန်အားသစ်များ ပြန်လည်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းတို့ ဖော်ပြပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်

**အဆွေတော် မစ္စတာ မင်းအောင်လှိုင်**
**ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော်၊**
**ဝန်ကြီးချုပ်၊**

မြန်မာနိုင်ငံတွင် မြေငလျင်လှုပ်ခတ်ခဲ့သည့်သတင်းကို ကြားသိရသည့်အတွက် များစွာကြေကွဲမိပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများစွာ အသက်ဆုံးရှုံး၊ ထိခိုက်ခံစားခဲ့ရပြီး နိုင်ငံ၏ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရှိရပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူများအား အထူးစာနာထောက်ထားမိပါကြောင်းနှင့် မြေငလျင်ကြောင့် ထိခိုက်ခံစားရသူများအနေဖြင့် ခွန်အားသစ်များ ပြန်လည်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဝမ်းနည်းမှုဖြင့်**

**ကီးလ်ရီယို**
**မော်စကိုမြို့နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်းဘုန်းတော်ကြီး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရခဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနား တက်ရောက်၊ လပွတ္တာမြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့၌ ပြုလုပ်သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

**စက်ခလုပ်နှိပ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက မြေစိုက်ပိုစတာအား အမွှေးနံ့သာများ ပက်ဖျန်းကြပြီး ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍**(အပေါ်ပုံ)** တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းသား မိဘများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် လပွတ္တာမြို့နယ် ရေဆိုင်ကျေးရွာအုပ်စု စမ်းချောင်းကျေးရွာရှိ ကျွဲမွေးမြူရေး အသုံးချသုတေသနနှင့် မျိုးထိန်း၊ မျိုးပွားခြံသို့ရောက်ရှိပြီး ခိုင်းကျွဲများ တိုးတက်မွေးမြူ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်၊ ခိုင်းကျွဲ၊ နွား အစာထုတ်လုပ် ကျွေးမွေးခြင်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြား၍ လပွတ္တာမြို့နယ် တက်စ်ကမ်မရိန်း လပွတ္တာလီမိတက်သို့ သွားရောက်ပြီး ကဏန်းပျော့မွေးမြူ ထုတ်လုပ်ပုံအဆင့်ဆင့် ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ လပွတ္တာမြို့နယ် အတွင်းရှိ အအေးခန်းစက်ရုံများနှင့် ငါး၊ ပုစွန်၊ ကဏန်း လုပ်ငန်းရှင်များက မန္တလေး ငလျင်ဘေးသင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် စူပါရွှေကဏန်းမွေးမြူရေး လုပ်ငန်းသို့ သွားရောက်၍ ကဏန်းပျော့မွေးမြူ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် လပွတ္တာမြို့နယ် ရွှေးမြစ်နှင့် ပြာမလော့မြစ်အကြားတွင် တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ရေငန်တားတာများ တည်ဆောက်ခြင်း စီမံကိန်းနှင့် မြစ်ကြိုးကြီးရေတံခါး (၆ x ၆ ပေ) လေးပေါက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များနှင့် မျိုးစေ့ချက်ကိရိယာများ ပေးအပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း တည်ဆောက်မည့် မြေနေရာအတွက် မြေပေးမိန့်ကို လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက လက်ခံရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားကာ ဒုံးယိမ်းအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်




" ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး"
"Ending Plastic Pollution Globally"

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer အား ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် UNOPS မှ ငလျင်ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့မှုအခြေအနေ၊ မြန်မာအစိုးရနှင့် UNOPS အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချနေမှုအခြေအနေ အားပေးကြည့်ရှု



နေပြည်တော် မေ ၁၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပေါင်းကွင်း၌ သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသ ရောင်းချနေမှုအခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းမှထုတ်လုပ်သည့် သံ၊ သံမဏိများအား ယခုကဲ့သို့ ဈေးပွဲတော်များ ပြုလုပ်ရောင်းချစဉ် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများကို ပြည်သူများအား လက်တွေ့စစ်ဆေးစမ်းသပ် ဝယ်ယူနိုင်ရေးအတွက် အရည်အသွေး စမ်းသပ်စစ်ဆေးသည့် ကိရိယာများဖြင့် သရုပ်ပြသစစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်၊ သံ၊ သံမဏိထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ထုတ်လုပ်သည့်ကုန်ပစ္စည်းများ၏ အရည်အသွေးများကို စမ်းသပ်စစ်ဆေးရန် စက်ရုံအလိုက် ကိုယ်ပိုင်ဓာတ်ခွဲခန်းများဖြင့် စမ်းသပ်စစ်ဆေးနေသော်လည်း အရည်အသွေးအာမခံစနစ် ထူထောင်ထားရှိနိုင်ရေးနှင့် ပြည်သူများ ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ဓာတ်ခွဲခန်းများတွင်လည်း စမ်းသပ်စစ်ဆေးသွားရန်၊ ထိုသို့ဆောင်ရွက်ထားခြင်းဖြင့် သုံးစွဲသည့် ပြည်သူများသည် စက်ရုံအသီးသီးမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ အသုံးပြုလာမည်ဖြစ်၍ အလေးထားဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားသည်။

ညနေပိုင်းတွင် ငလျင်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံ၊ အိမ်ရာ၊ စက်ရုံ/အလုပ်ရုံ၊ စက်မှုဇုန်များ၊ MSME များရှိ စက်ပစ္စည်းများအတွက် ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်အဆင့်မြှင့်တင် ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် မြန်မာနိုင်ငံ စက်နှင့် စက်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်များ ပါဝင်သည့် SOP အား အတည်ပြုသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာများနှင့် စက်မှုဝန်ကြီးဌာနမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်ရုံ/ အလုပ်ရုံ၊ MSME တို့ရှိ စက်ပစ္စည်းများ၊ ဘွိုင်လာများ၊ လျှပ်စစ် သွယ်တန်းမှုများနှင့်ပတ်သက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေတို့ကို ပြန်လည်ပြုပြင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို စစ်ဆေးနိုင်ရေးအတွက် မြို့ပြအင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ စစ်ဆေးရေးအဖွဲ့၊ စက်နှင့် စက်ပစ္စည်းများ စစ်ဆေးရေးအဖွဲ့၊ စောင့်ကြည့် ကြပ်မတ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ရေးအဖွဲ့တို့ကို ဖွဲ့စည်း၍ ကြီးကြပ်မှုအောက်ရှိ စက်ရုံ/ အလုပ်ရုံများသို့သွားရောက်၍ စစ်ဆေးစေခဲ့ကြောင်း။

စစ်ဆေးရေးအဖွဲ့ အနေဖြင့် စစ်ဆေးတွေ့ရှိခဲ့သည့် အခြေအနေများအပေါ် မူတည်၍ စက်ပစ္စည်းများကို ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်များသည် ငလျင်ကြီးများ ထပ်မံလှုပ်ခတ်လာပါက ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့မှုအခြေအနေများ၏ အခြေခံအကြောင်းအရင်းများကို ရှာဖွေထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ဆေးရေးအဖွဲ့များက စက်ရုံ/ အလုပ်ရုံများအား စစ်ဆေးခဲ့မှု အခြေအနေတို့ကို တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စက်နှင့်စက်ပစ္စည်းများ ပြုပြင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်၌ ပါဝင်သင့်သည့်အချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ ရှေ့ဖုံးမှ

"စိုက်ပျိုးရေ ရရှိတဲ့အတွက် မနှစ်ကထက် နွေစပါးပိုမိုစိုက်ပျိုးလာပြီး ဌာနအနေနဲ့လည်း စိုက်ပျိုးမှုနည်းစနစ်တွေကို တောင်သူတွေလိုက်ပါနိုင်အောင် ဆောင်ရွက်ကြိုးပမ်းခဲ့တာကြောင့် အထွက်နှုန်းတိုးလာတယ်လို့ ပြောရမှာပါ။ အရင်က ပျိုးကြဲစနစ်နဲ့ စိုက်ပျိုးရာက ယခုအခါမှာ မျိုးစေ့ချကိရိယာနဲ့ စိုက်ပျိုးနိုင်ခဲ့တာကြောင့် စိုက်ခင်းတွေ တိုးလာတဲ့အတွက် တောင်သူတွေ ဝင်ငွေတိုးတဲ့ နွေစပါးရာသီလည်းဖြစ်ပါတယ်။ အထွက်နှုန်းဆိုရင် ပျမ်းမျှအားဖြင့် တစ်ဧက တင်း ၉၀ ကျော်ဆိုပေမယ့် တင်း ၁၀၀ ကျော်ထွက်တဲ့ အခင်းတွေလည်းရှိပါတယ်။ မေလထဲမှာ နွေစပါးအကုန်ရိတ်သိမ်းသွားမှာပါ။ နွေစပါးကုန်တာနဲ့ မိုးစပါးကို ဆက်လက်စိုက်ပျိုးဖို့ရှိပါတယ်။ တစ်နှစ်ထက်တစ်နှစ် ဆန်စပါးဖူလုံမှုရာခိုင်နှုန်းတိုးလာပြီး စားသုံးမှုဖူလုံစေတဲ့အတွက် တောင်သူတွေ လိုက်နာဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။



ရန်ကုန်တိုင်းဒေသကြီးတွင် နွေစပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

**နွေစပါးအများဆုံးစိုက်ပျိုး**

တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနည်းစနစ် မှန်ကန်စေရေးနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနိုင်စေရန် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြို့နယ်များတွင် မျိုးစေ့ချကိရိယာ အလက် ၈၀၀၀ ပံ့ပိုးမှုဖြင့် ၂၀၂၄ ခုနှစ်တွင် Seeder စနစ်ဖြင့် ၈၅၇၂၆ ဧက၊ ၂၀၂၅ ခုနှစ်တွင် ၁၀၆၂၄၂ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် နွေစပါးကို ခရိုင် ၅ခရိုင်တွင် စိုက်ပျိုးရာ၌ တွံတေးခရိုင်တွင် နွေစပါး အများဆုံးစိုက်ပျိုးထွက်ရှိခဲ့သည်။

နွေစပါးစိုက်ခင်းများ ရိတ်သိမ်းပြီးချိန်တွင် မိုးစပါးများ ဆက်လက်စိုက်ပျိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ကွေးများ မြေဆီလွှာ တိုးတက်ကောင်းမွန်လာစေရန် နွေထယ်ရေးခံခြင်းနှင့် သဘာဝမြေဩဇာဖြစ်သော ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ နွေစပါးရာသီ၌ ဆင်းသုခ၊ ရက် ၉၀၊ သီးထပ်ရင်၊ GW-11၊ ဗီယက်နမ်၊ ကောက်ညှင်းနှင့် အခြားသောသက်တမ်းတို မျိုးစပါးများကို ယခုလအတွင်း အပြီးသတ် ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ဓာတ်ပုံ - ဥဿာ**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဖိုရမ်ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ ကောင်းမွန်သည့်ရလဒ်များဖြင့် တိုင်းပြည်အရှေ့တစ်ခုသို့ ရောက်ရှိစေရေးအတွက် လိုအပ်သည့်ဆွေးနွေးချက်များရရှိအောင် ဝိုင်းဝန်းဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဖိုရမ် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၅**

ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း (Rebuilding Myanmar : Post-Earthquake Economic Recovery) ဖိုရမ်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကို၊ ဒါရိုက်တာ ဒေါက်တာ ဇော်ဦး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် တာဝန်ရှိသူများ တတ်ရောက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးငလျင်ကြီး ခံစားရပြီးနောက်ပိုင်း မြန်မာ့စီးပွားရေးပြန်လည်ဦးမော့လာစေရန် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်မတ်လအတွင်းက နိုင်ငံတော်အဆင့် ဖိုရမ်တစ်ခုကို နိုင်ငံတကာပညာရှင်များအပါအဝင် ပြည်တွင်းပညာရှင်များဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုဖိုရမ်မှလည်း နိုင်ငံတော်အတွက် ကောင်းမွန်သည့်ရလဒ်များ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခု ကျင်းပမည့်ဖိုရမ်သို့ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူပြည်သူများ ပါဝင်တက်ရောက်ပြီး လက်တွေ့ကျကျ ဆွေးနွေးနိုင်ရန်နှင့် ပြည်သူများ၊ လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းဆောင်ရွက်ရန်လည်း ရည်ရွယ်ပါကြောင်း၊ အဆိုပါဖိုရမ်တွင် ကောင်းမွန်သည့်ရလဒ်များဖြင့် တိုင်းပြည်အရှေ့တစ်ခုသို့ ရောက်ရှိစေရေးအတွက် လိုအပ်သည့် ဆွေးနွေးချက်များ ရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။


ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မန္တလေးငလျင်ဖြစ်ပွားခဲ့သည့်အတွက် အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကအဆောက်အအုံများ ပျက်စီးခဲ့ပြီး စီးပွားရေးနှင့် ပတ်သက်၍ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ထုတ်လုပ်ရေးကဏ္ဍတို့တွင်လည်း ပျက်စီးမှုများ ရှိခဲ့ပါကြောင်း၊ ယခုဖိုရမ်ကျင်းပခြင်းဖြင့် စီးပွားရေးကဏ္ဍအပါအဝင် ကဏ္ဍအချို့ကို ယခုကျင်းပမည့်ဖိုရမ်မှ ထွက်ပေါ်လာသည့် ရလဒ်များက အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က ဖိုရမ်ကျင်းပရေးနှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်၊ ဆွေးနွေးမည့်ခေါင်းစဉ်များ၊ တက်ရောက်ဆွေးနွေးမည့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်၊ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကို၊ ဒါရိုက်တာ ဒေါက်တာ ဇော်ဦး၊ ဒေါ်ခိုင်ခိုင်နွယ်တို့က ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါဖိုရမ်တွင် မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ၊ စီးပွားရေးပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ စီးပွားရေး ပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း ဟူသည့် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများအား ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပစျေးကွက်စီးပွားရေး အသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့်အခွင့်အလမ်းများနှင့်ကြုံတွေ့ရနိုင်သည့်စိန်ခေါ်မှုများကို သိရှိနိုင်စေရန်၊ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခင်းအကျင်းနှင့် ပထဝီစီးပွားရေး အခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန် ပစ္စည်းများအား စျေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေး လုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်း မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဖိုရမ်သို့ စိတ်ပါဝင်စားသူမည်သူမဆို ပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဥသာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်းလီမိတက်က ငါး၊ ဘဲနှင့် ကြက်များ မွေးမြူထားရှိ

**ပဲခူး မေ ၁၅**

ပဲခူးတိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် စားသုံးသူပြည်သူများ စျေးနှုန်းသက်သာစွာဝယ်ယူနိုင်စေရန်ရည်ရွယ်၍ ဥသာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်းလီမိတက်က ငါးမွေးမြူရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ အသင်းတွင် ငါးမွေးမြူရေးကန် ၃၄ ကန်နှင့် တူးဖော်ဆဲကန် ၁၆ ကန် စုစုပေါင်းကန် ၅၀ ရှိပြီး ငါးမုတ်၊ ငါးတန်နှင့် ငါးမြစ်ချင်း ငါးမျိုးများ အဓိကထားမွေးမြူလျက်ရှိသည်။

ထို့ပြင်အသင်းမှ တိုင်းဒေသကြီးနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးမှုရယူ၍ ကြက်မွေးမြူရေးလုပ်ငန်းကို ကြက်သားပေါက်ကောင်ရေ ၅၀၀၀ ဖြင့် ကြက်ခြံတည်ဆောက်ကာ မွေးမြူလျက်ရှိသည်။ ရောင်းတန်းဝင်ကြက်များကို ရောင်းချပြီး ကြက်သားပေါက်များ ထပ်မံဝယ်ယူ၍ တစ်နှစ်လျှင် သုံးကြိမ်မွေးမြူနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။ အသင်းမှဘဲများကိုပါ မွေးမြူထားရှိပြီး ထွက်ရှိလာသည့် ကြက်၊ ဘဲနှင့် ငါးများကို ပဲခူးမြို့နယ်အတွင်းရှိ အသင်းသားပြည်သူများသို့ စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စင်တာများ ဖွင့်လှစ်ပေး

မောင်လူအေး (ရေစကြို)

**(ယမန်နေ့မှအဆက်)**

လူငယ်ရေးရာကော်မတီလှုပ်ရှားမှုများ၊ လူငယ်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူငယ်စင်တာများ ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရေး နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီများက နှစ်အလိုက် ဘတ်ဂျက်လျာထားရေးဆွဲ ဆောင်ရွက်သွားရန် ၁၄-၂- ၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအစည်းအဝေးတွင် အတည်ပြုထားပြီးဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ မြေမျက်နှာသွင်ပြင်၊ လမ်းပန်း ဆက်သွယ်ရေး၊ လူငယ်ဦးရေ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ အားသာချက်/ အားနည်းချက်များအပေါ်မူတည်၍ လူငယ်စင်တာများ၏ တည်နေရာ၊ ဖွဲ့စည်းပုံ၊ ဦးတည်အုပ်စု၊ အဆောက်အအုံဒီဇိုင်းနှင့် ဝန်ဆောင်မှုများ အနည်းငယ် ကွဲပြားခြားနားမှုရှိနိုင်မည်ဖြစ်သော်လည်း လူငယ်စင်တာ တစ်ခုတွင် အနိမ့်ဆုံးထားရှိရမည့် စံသတ်မှတ်ချက်များ တစ်ပြေးညီ ဖြစ်စေရေး သက်ဆိုင်ရာအကျိုးဆိုင်သူ (Stakeholder)များ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် ဖိုရမ်များပြုလုပ်ကာ ရေးဆွဲဆောင်ရွက်သွား ရမည်ဖြစ်သည်။

**အနည်းဆုံးပါရှိရမည့် စံသတ်မှတ်ချက်များ**

၁၉-၆-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ လူငယ် ရေးရာကော်မတီအဖွဲ့ဝင် လူငယ်ကိုယ်စားလှယ်များ၏ တွေ့ဆုံ ဆွေးနွေးပွဲမှ အကြမ်းဖျင်းဖော်ထုတ်ထားသည့် စံနှုန်းများမှာ လူငယ် စင်တာတည်ဆောက်ရန်အတွက် မြေအကျယ်အဝန်း အနည်းဆုံး နှစ်ဧကရှိရမည်ဖြစ်ပြီး မြို့နယ်နိမိတ်အတွင်း လူငယ်များ အလွယ် တကူသွားလာနိုင်မည့်နေရာဖြစ်ရန်နှင့် လူငယ်စင်တာတစ်ခုတွင် အနည်းဆုံးပါရှိရမည့် စံသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) Conference Hall (ညီလာခံခန်းမ)
(၂) Meeting Room (အစည်းအဝေးခန်းမ)
(၃) Library (စာကြည့်တိုက်)
(၄) Youth Hostel (တည်းခိုဆောင်)
(၅) Training Rooms (သင်တန်းခန်းများ)
(၆) Office Rooms (ရုံးခန်းများ)
(၇) Playground/ Indoor Stadium (ကစားကွင်း/မိုးလုံလေလုံ ကစားကွင်း)
(၈) Fitness Center (ကြံ့ခိုင်မှုလေ့ကျင့်ရေးစင်တာ)
(၉) Arts Corner (အနုပညာဖန်တီးပြသရန်နေရာ)
(၁၀) Lobby (ဧည့်တွေ့ဆောင်)
(၁၁) Car Parking (ကားရပ်နားရန်နေရာ)

လူငယ်စင်တာတစ်ခုတွင် ပါရှိရမည့် စံသတ်မှတ်ချက်များနှင့် ပတ်သက်၍ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ အနည်းငယ်ကွဲပြားခြားနားမှု ရှိမည်ဖြစ်သော်လည်း လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များ ထည့်သွင်းထားရှိမှုတွင် ကွာခြားမှုမရှိပေ။ ရုရှားနိုင်ငံ Borisoglebsk မြို့ရှိ လူငယ်စင်တာတစ်ခုတွင်လည်း လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ညီလာခံခန်းမ၊ အစည်းအဝေးခန်း၊ ဧည့်ခန်းမ၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်နေရာများ ထည့်သွင်းဖွဲ့စည်းထားရှိပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ စိုက်ပျိုးရေးပညာရပ်များ လေ့လာသင်ယူနိုင်ရန်အတွက် စာကြည့် တိုက်၊ စာသင်ဆောင်များ၊ သက်မွေးပညာသင်တန်းခန်းမ၊ စိုက်ပျိုးရေး ခြံမြေများပါဝင်ကာ လူငယ်များ သက်သောင့်သက်သာရှိစေရန်နှင့် အပန်းဖြေအနားယူနိုင်ရန်အတွက် စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ ရိပ်သာ၊ အိပ်ဆောင်နှင့် ကစားကွင်းများ ပံ့ပိုးထားရှိပေးထားပါ သည်။

ထို့အတူ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ Cultural Center & Youth Hostel တွင်လည်း လူငယ်များ အနုပညာနှင့် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ယဉ်ကျေးမှုဗဟိုဌာန(Cultural Hub)၌ ဧည့်ခန်းမ၊ ပြိုင်ပွဲခန်းမ၊ ဘက်စုံသုံးခန်းမ၊ ပြပွဲခန်းမ၊ နားနေခန်း၊ ကော်ဖီဘား၊ စာသင်ခန်းမ၊ ညီလာခံ/ဆွေးနွေးပွဲ/သင်တန်းခန်းမ၊ အုပ်ချုပ်စီမံခန်း၊ အလုပ်ရုံခန်းမနှင့်နေရာများ ထည့်သွင်းတည်ဆောက် ထားသကဲ့သို့ ဆန်းသစ်တီထွင်ဖန်တီးမှုများ ပြုလုပ်နိုင်ရန်အတွက် တီထွင်ဖန်တီးမှုဗဟိုဌာန (Creative Hub) ပါရှိပြီး သတင်းအချက် အလက်နှင့် နည်းပညာစင်တာ၊ လက်မှုပစ္စည်းအလုပ်ရုံ၊ ဆန်းသစ် တီထွင်ဖန်တီးပုံဖော်ခြင်းခန်းမ၊ ပန်းချီခန်းမ၊ ပန်းပုခန်းမနှင့် ကော်ဖီဆိုင် တို့ ပါရှိပါသည်။ လူငယ်များ အားကစားလှုပ်ရှား ဆောင်ရွက်နိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်စေရန်အတွက် Sports Hub တွင် Squash အားကစားခန်းမ၊ ကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊ တင်းနစ်ကွင်း၊ အဝတ်လဲခန်း၊ ပစ္စည်းသိမ်းရန်နေရာ၊ မီးဖိုဆောင်၊ စားသောက်ဆိုင်နှင့် စတိုခန်းများ ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Malaysia Youth Creative and Innovative Hub ကို စတင်တည်ထောင်စလုပ်ငန်းများနှင့် လူမှုစီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရှင်သန်နိုင်စေရေး အတွက် ဆန်းသစ်တီထွင်မှုများ၊ စိတ်ကူးပုံဖော်မှုများနှင့်အတူ လူငယ် အားလုံး အကျုံးဝင်ပါဝင်နိုင်စေရေး ရည်ရွယ်ကာ ဒီဇိုင်းရေးဆွဲခဲ့ခြင်း ဖြစ်သည်။ စွန့်ဦးတီထွင်ခြင်းနှင့် လုပ်ငန်းသစ်များ စတင်တည်ထောင် ဖွင့်လှစ်ခြင်းပြုလုပ်နိုင်ရန် လူငယ်များအား လိုအပ်သည့်ကျွမ်းကျင်မှု များ လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းဆိုင်ရာ အကြံဉာဏ်များနှင့် အတွေ့အကြုံများ မျှဝေပေးခြင်း၊ ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်းတို့ ဆောင်ရွက်ပေးကာ အလုပ်လက်မဲ့ဦးရေလျှော့ချပေးနိုင်ရန် ရည်ရွယ် ခြင်းဖြစ်ပါသည်။ Malaysia Youth Creative and Innovative Hub တွင်လည်း ဧည့်ခန်းမ၊ ဧည့်ကြိုဆောင်၊ အုပ်ချုပ်စီမံခန်း၊ အစည်း အဝေးခန်း၊ ညီလာခံ/ဆွေးနွေးခန်းမ၊ စာသင်ခန်းမ၊ စာကြည့်တိုက်၊ ထုတ်ကုန်ပြခန်း၊ စံနမူနာပစ္စည်းများပြုလုပ်သည့်ခန်းမ၊ Resource Center၊ အိပ်ဆောင်၊ ကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊ အဝတ်လဲခန်း၊ ကော်ဖီဆိုင်၊ မီးဖိုဆောင်၊ အဝတ်လျှော်ခန်းနှင့် နားနေခန်းများ ပါဝင် ဖွဲ့စည်းထားပါသည်။

**ဆွဲဆောင်နိုင်သော အခြေခံအချက်များ**

လူငယ်စင်တာကို လူငယ်များလက်လှမ်းမီ အလွယ်တကူ သွားလာနိုင်သည့်နေရာတွင် ဖွင့်လှစ်ထားရှိရန်လိုအပ်ပြီး လူငယ်များ အတွက် ငြိမ်းချမ်းမှု၊ လုံခြုံစိတ်ချရမှု၊ သာတူညီမျှရှိမှု၊ သက်သောင့် သက်သာရှိမှု၊ ရင်းနှီးကျွမ်းဝင်မှုနှင့် လူငယ်များကိုယ်တိုင် ဦးဆောင် ပါဝင်ခွင့်ရရှိအောင် ဖန်တီးထားရှိရမည်ဖြစ်သည်။ ထို့ပြင် စင်တာ ဝန်ထမ်းများ၏ ဆက်ဆံရေးကောင်းမွန်မှုရှိခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်း၊ နည်းပညာကျွမ်းကျင်ခြင်း၊ ကူညီ ပံ့ပိုးခြင်းနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းတို့ သည်လည်း လူငယ်များ စင်တာသို့လာရောက်ရခြင်းအတွက် ဆွဲဆောင်နိုင်သော အခြေခံအချက်များဖြစ်ပါသည်။ လူငယ်စင်တာ များသို့ လူငယ်များ အမြဲလာရောက်စေရေးအတွက် အဓိကစေ့ဆော် သောအချက်များမှာ လူငယ်အချင်းချင်းကြား ပြောဆိုစည်းရုံးနိုင်ခြင်း၊ ၎င်းတို့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ခြင်း၊ လူငယ်စင်တာ၏ နာမည်ဂုဏ်သတင်းကောင်းခြင်းနှင့် မိမိပိုင်နေရာ ကဲ့သို့ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးနိုင်ခြင်းတို့ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

IREX UNITY အဖွဲ့က ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လူငယ် စင်တာများအပေါ် လူငယ်များ၏သဘောထားအမြင်နှင့်ပတ်သက်သည့် သုတေသနစစ်တမ်း အစီရင်ခံစာအရ လူငယ်စင်တာသို့ လူငယ်များ လာရောက်အသုံးပြုစေရေး အဓိကဆွဲဆောင်စေသည့်အချက်များမှာ စင်တာသည် ဆိတ်ငြိမ်ခြင်း၊ လုံခြုံစိတ်ချရခြင်း၊ အပြန်အလှန် လေးစားမှုရှိခြင်း၊ ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ ဘဝအောင်မြင်ရေး အတွက် ပံ့ပိုးကူညီမှုပေးနိုင်ခြင်းနှင့် လူငယ်များအတွက် အကျိုး ကျေးဇူးများခြင်းတို့ကြောင့်ဖြစ်ကြောင်း စစ်တမ်းဖြေဆိုသူ ၂၂၇ ဦး၏ ၇၀ ရာခိုင်နှုန်းက ထောက်ခံထားရှိပါသည်။ လူငယ်စင်တာ၏ တည်နေရာနှင့်ပတ်သက်၍ ကျောင်းအခြေပြုဖွင့်လှစ်ရန် ထောက်ခံသူ ၅၀ ရာခိုင်နှုန်း၊ တက္ကသိုလ်အခြေပြု သို့မဟုတ် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းအခြေပြုဖွင့်လှစ်ရန် ထောက်ခံသူ ၆၀ ရာခိုင်နှုန်းနှင့် စာကြည့်တိုက်အခြေပြုဖွင့်လှစ်ရန် ထောက်ခံသူ ၆၉ ရာခိုင်နှုန်း ဖြစ်ကြောင်း ယင်းစစ်တမ်းအရ သိရှိရပါသည်။

အဆိုပါ IREX UNITY အဖွဲ့၏ သုတေသနစစ်တမ်းအရ ခေတ်မီလူငယ်စင်တာတစ်ခုတွင် အခမဲ့ဆွေးနွေးအကြံဉာဏ်ပေး သည့် ဝန်ဆောင်မှုများထားရှိရန်နှင့် ဖြေဆိုသူဦးရေ၏ ၅၆ ရာခိုင်နှုန်း မှာ စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုပေးခြင်း၊ ၃၅ ရာခိုင်နှုန်းမှာ စီးပွားရေး ဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ၂၅ ရာခိုင်နှုန်းမှာ ဥပဒေဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ၂၄ ရာခိုင်နှုန်းမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကြံဉာဏ်ပေးခြင်းနှင့် ၂၂ ရာခိုင်နှုန်းမှာ လူမှုရေးဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းတို့ကို အဓိကဆောင်ရွက်ပေးရန် ဆန္ဒပြုထားပါသည်။ ခေတ်မီလူငယ်စင်တာတစ်ခုတွင် လေ့ကျင့် သင်ကြားပေးစေလိုသည့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများနှင့် ပတ်သက်၍ စစ်တမ်းဖြေဆိုသူများက အောက်ဖော်ပြပါအတိုင်း အကြံပြုထားပါသည်-

(၁) စီမံခန့်ခွဲမှုနှင့် ဘဝတွက်တာကျွမ်းကျင်မှု၊
(၂) လူမှုကွန်ရက်မီဒီယာအသုံးပြု၍ ဈေးကွက်ရှာဖွေခြင်း၊
(၃) လုပ်ငန်းစီမံကိန်းများစီမံခန့်ခွဲမှု၊
(၄) အခမ်းအနားများစီမံခန့်ခွဲမှု၊
(၅) နည်းပညာနှင့်ကွန်ပျူတာသိပ္ပံ၊
(၆) ဘာသာစကား (အင်္ဂလိပ်စာ၊ မိခင်ဘာသာနှင့် စကားပြော သင်တန်းများ)၊
(၇) အနုပညာ (လက်မှုပညာရပ်များ၊ အက၊ ဂီတ၊ ပန်းချီ၊ စာပေ၊ ဒီဇိုင်း)၊
(၈) ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့် အညီ နေထိုင်စားသောက်သည့်လူနေမှုပုံစံ၊
(၉) ကမ္ဘာ့နိုင်ငံများ၏ ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် မြို့တော်များ၊
(၁၀) ရုပ်ရှာဖွံ့ဖြိုးတိုးတက်ရေးနှင့် ရပ်ရွာလူထုနှင့် စေ့စပ်ညှိနှိုင်း ခြင်း၊
(၁၁) ဂေဟဗေဒနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၁၂) စိတ်ပညာနှင့် စိတ်ကျန်းမာရေး၊
(၁၃) ချေးငွေ/အထောက်အပံ့လျှောက်ထားခြင်းနှင့် အဆိုပြုလွှာ ရေးသားနည်း၊
(၁၄) လူ့အခွင့်အရေးနှင့် ဥပဒေပညာရပ်။

**အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိအောင် ဆောင်ရွက်**

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ Jawaharlal Nehru National Youth Center သည် ကျေးလက်ဒေသမှလူငယ်များ၊ ဆင်းရဲနွမ်းပါးသော လူငယ်များ၊ အလုပ်လက်မဲ့လူငယ်များအပါအဝင် လူငယ်များအတွက် နိုင်ငံတကာအသိအမှတ်ပြု ကျွမ်းကျင်မှုသင်တန်းများ၊ ဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွင့်လှစ်သင်ကြားပေးခြင်းအားဖြင့် အိန္ဒိယနိုင်ငံတွင်သာမက နိုင်ငံခြား တိုင်းပြည်များတွင်ပါ အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စာမျက်နှာ ၇ သို့ ❖

❋ **လူငယ်စင်တာကို လူငယ်များလက်လှမ်းမီ အလွယ်တကူ သွားလာနိုင်သည့်နေရာတွင် ဖွင့်လှစ်ထားရှိရန် လိုအပ်ပြီး လူငယ်များအတွက် ငြိမ်းချမ်းမှု၊ လုံခြုံစိတ်ချရမှု၊ သာတူညီမျှရှိမှု၊ သက်သောင့်သက်သာရှိမှု၊ ရင်းနှီးကျွမ်းဝင်မှုနှင့် လူငယ်များကိုယ်တိုင် ဦးဆောင်ပါဝင်ခွင့်ရရှိအောင် ဖန်တီးထားရှိရမည်**

❋ **လူငယ်စင်တာများသို့ လူငယ်များ အမြဲလာရောက်စေရေးအတွက် အဓိကစေ့ဆော်သောအချက်များမှာ လူငယ်အချင်းချင်းကြား ပြောဆိုစည်းရုံးနိုင်ခြင်း၊ ၎င်းတို့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုနိုင်ခြင်း၊ လူငယ်စင်တာ၏ နာမည်ဂုဏ်သတင်းကောင်းခြင်းနှင့် မိမိပိုင်နေရာကဲ့သို့ စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးနိုင်ခြင်းတို့ဖြစ်**

❖ စာမျက်နှာ ၆ မှ

အလားတူ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ လူငယ်စင်တာတွင် လူငယ်များအတွက် Young Innovators Program ကို စီစဉ်ထားရှိပြီး လုပ်ငန်းသစ်စတင်ထူထောင်သည့် စွန့်ဦးတီထွင်သူလူငယ်များအား ရင်းနှီးမြှုပ်နှံသူ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များကို မွေးထုတ်ပေးနေခြင်း ဖြစ်သည်။

**ဆွေးနွေးအကြံပြုချက်များ**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၆)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၉) တို့တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိကြီးများ၏ ဆွေးနွေးအကြံပြုချက်များအရ လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စင်တာများဖွင့်လှစ်ရာတွင် Vision/Mission များ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အဆောက်အအုံဒီဇိုင်းသည် လူငယ်များအတွက် သက်သောင့်သက်သာရှိရန်နှင့် လုံခြုံစိတ်ချရမှုရှိရန် လိုအပ်ကြောင်း၊ မသန်စွမ်းလူငယ်များအပါအဝင် အထူးအလေးပေးရမည့် လူငယ်များအားလုံးပါဝင်နိုင်ရန် စီစဉ်ရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ လိုလားချက်၊ လိုအပ်ချက်နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း၊ လိုအပ်ချက် ဆန်းစစ်သည့် စစ်တမ်းများပြုလုပ်ပြီး စီမံကိန်းရေးဆွဲဆောင်ရွက်ရန်နှင့် Public Private Partnership(PPP)ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန် အကြံပြုတင်ပြထားပါသည်။

လူငယ်စင်တာကို ဘက်စုံအသုံးပြုနိုင်သည့် အဆောက်အအုံအဖြစ် ဒီဇိုင်းရေးဆွဲဆောင်ရွက်ရန်နှင့် စင်တာတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာသင်တန်းများ၊ ဘာသာရေးနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာသင်တန်းများ၊ ဘာသာစကားနှင့် နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေး/စီးပွားရေး/ပညာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများနှင့် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပေးခြင်း စသည့်ဝန်ဆောင်မှုများ ထားရှိဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးကြပါသည်။ ထို့ပြင် လူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကွင်း၊ အားကစားရုံနှင့် အားကစားအထောက်အကူပြုပစ္စည်းများထားရှိပေးခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အပန်းဖြေအနားယူနိုင်ရန် နေရာများထားရှိပေးခြင်းဖြင့် ဗလငါးတန်နှင့် ပြည့်စုံသည့်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးကြပါသည်။

**စံချိန်စံညွှန်းများ တစ်ပြေးညီဖြစ်စေရေး ရေးဆွဲဆောင်ရွက်**

တိုင်းဒေသကြီး/ပြည်နယ်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေပေါ်မူတည်၍ လူငယ်စင်တာများ၏ ဦးတည်ချက်များနှင့် ဦးစားပေးအစီအစဉ်များ ကွာခြားမှုရှိမည်ဖြစ်သော်လည်း လူငယ်စင်တာတစ်ခုတွင် အနိမ့်ဆုံးရှိသင့်သည့် စံချိန်စံညွှန်းများ တစ်ပြေးညီဖြစ်စေရေး မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီက ဦးဆောင်၍ အကျိုးဆိုင်သူလူငယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အလှူရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီများနှင့်ပူးပေါင်းကာ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်သည်။ လူငယ်ရေးရာမူဝါဒနှင့်အညီ ပထမဦးစွာ လူငယ်စင်တာများ တည်ထောင်ဖွင့်လှစ်ရခြင်း၏ မျှော်မှန်းချက်၊ ဦးတည်ချက်များ ချမှတ်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရေးဆွဲအတည်ပြုရန် လိုအပ်ပါသည်။ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းခြင်း၊ အစီအစဉ်များ ရေးဆွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စတင်ဝန်ဆောင်မှုပေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ အစီအစဉ်တိုးချဲ့ခြင်းတို့ကို အဆင့်လိုက် ဆောင်ရွက်သွားရမည်ဖြစ်သည်။

လူငယ်စင်တာများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအား၊ နည်းပညာ၊ ပစ္စည်း၊ ငွေကြေးအရင်းအမြစ်များကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်ကအားထားရသည့် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးနှင့် လူငယ်စင်တာများ ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သည့် ကြီးကြပ်မှုကော်မတီများ၊ အကြံပေးအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် စင်တာဝန်ထမ်းများ (အမြဲတမ်းဝန်ထမ်းများ၊ လုပ်အားပေးလူငယ်များ၊ စေတနာ့ဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ) ခန့်ထားခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်လာစေရေး လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ အနာဂတ်တွင် အသင့်ဖြစ်စေမည့် လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်ရန်အတွက် လူငယ်စင်တာများကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်သွားရမည့် အချိန်အခါဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးလူငယ်စင်တာကို ၂၃-၃-၂၀၂၅ ရက်နေ့တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး လူငယ်စင်တာကို ၂၆-၃-၂၀၂၅ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ယင်းဒေသရှိ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ရာ ဝမ်းမြောက်ဖွယ်ရာကိစ္စရပ်ဖြစ်ပါသည်။ သို့သော် လူငယ်စင်တာများ ဖွင့်လှစ်ရာတွင် သက်ဆိုင်ရာဒေသအလိုက် လူငယ်များ၏ လိုလားချက်များ၊ မြေပြင်အခြေအနေများနှင့် ကိုက်ညီမှုရှိရန် အရေးကြီးသကဲ့သို့ လက်ရှိ နိုင်ငံတော်၏ ပကတိလိုအပ်ချက်များနှင့်လည်း ညီညွတ်မှုရှိစေရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်သည်။

လူငယ်စင်တာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်း အစီအစဉ်များ ရေးဆွဲထားရှိရမည်ဖြစ်သည်။ လူငယ်စင်တာများ ပီပီပြင်ပြင်ဖွင့်လှစ်နိုင်ပါက လူငယ်များ၏ဘဝ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုများအတွက်သာမက ရပ်ရွာနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အကျိုးပြုသည့် လူသားအရင်းအနှီးများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား-**

- **လူငယ်ရေးရာမူဝါဒ(၂၀၁၇)**
- **Starting a Youth Center, Vermont Afterschool (2020)**
- **The Concept of a Modern Youth Center from the Perspective of Youth, IREX (2021)**
- **YOUTH CENTER: Malaysia Youth Creative and Innovative Hub (2021)**
- **နေ့စဉ်ထုတ်သတင်းစာများ(၂၀၂၄၊ ၂၀၂၅)**


# မုတ်သုံလေဆက်လက်ဝင်ရောက်လာနိုင်ခြင်းနှင့် အပူပြန်တက် တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် မေ ၁၅**


ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ၂၀-၅-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးမည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



ပညာရေးဝန်ကြီးဌာန

ပညာ

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်
## "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။






# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ လေတပ်စခန်းများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၅**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီး သွားရောက်ကြသည်။ဦးစွာလေကြောင်းနှင့်အာကာသ သိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသော လေယာဉ်များအကြောင်းကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများသည် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်ရှိ Y 8 လေယာဉ်၊ F-7 လေယာဉ်၊ Beechcraft 1900D လေယာဉ်နှင့် ATR 72 လေယာဉ်များ၏ စွမ်းပကားနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

**ရှင်းလင်းပြသ**

အလားတူ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေသော အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူ ၉၀၁ ဦးတို့သည် စခန်းပေါင်းစုံပြိုင်ပွဲများ ကျင်းပပြီးမြောက်၍ ယနေ့တွင်နေပြည်တော်လေတပ်စခန်းရှိ ပျံသန်းရေးအုပ်များသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများ ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

**★ ကျောဖုံးမှ**

ဘိုလော့ဂ်နာအသင်းအနေနဲ့ အခုလို ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ၁၉၇၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့တာကြောင့် ၅၁ နှစ်ကြာ ဆုဖလားလက်မဲ့ဖြစ်ခဲ့ရတဲ့မှတ်တမ်းဆိုးကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘိုလော့ဂ်နာအသင်းဟာ ကိုပါအီတာလီယာဖလားကို ၁၉၇၀ ပြည့်နှစ်ကတစ်ကြိမ်၊ ၁၉၇၄ ခုနှစ်ကတစ်ကြိမ် ဆွတ်ခူးထားတာကြောင့် ယခုတစ်ကြိမ်ဟာ ကိုပါအီတာလီယာဖလားကို တတိယအကြိမ်မြောက် ရယူဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ကိုပါအီတာလီယာသမိုင်းကိုကြည့်ပါက ၂၀၀၈ ခုနှစ်နောက်ပိုင်း ဂျူဗင်တပ်အသင်း၊ အင်တာမီလန်အသင်း၊ နာပိုလီအသင်းနဲ့ လာဇီယိုအသင်းတို့ကသာ ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဘိုလော့ဂ်နာအသင်းနဲ့ အေစီမီလန်အသင်းတို့ဟာ အီတာလီစီးရီးအေပြိုင်ပွဲမှာတော့ လက်ရှိစီးရီးအေပွဲစဉ် ၃၆ အပြီးမှာ အမှတ်ပေးဇယားအဆင့်(၇)နဲ့ အဆင့်(၈)မှာ အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# လှိုင်ကော်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်နယ်ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

**လှိုင်ကော် မေ ၁၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကယားပြည်နယ် ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ကန္ဒရဝတီလမ်း မြို့နယ်ခန်းမရှေ့ရှိ မြေကွက်လပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာအား ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က မြေစိုက်ပိုစတာအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့က တီးမှုတ်၍ အမှတ်(၁)နှင့် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ကပန်းဖွားအက၊ Fitness Dance များဖြင့် ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားတွင် ပါဝင်ဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့နှင့်ပန်းဖွားအဖွဲ့များကို ပြည်နယ်ဝန်ကြီးချုပ်၊ ဘင်ခရာအဖွဲ့ကို ဒေသကွပ်ကဲရေးမှူး၊ ကယားတိုင်းရင်းသား ကိုးမျိုးအဖွဲ့ကို ပြည်နယ်တရားသူကြီးချုပ်နှင့် Fitness Dance အကအဖွဲ့ကို စီးပွားရေးရာဝန်ကြီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားတွင် ကပြဖျော်ဖြေပေးကြသော အကအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာများစိုက်ထူ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်မြေစိုက်ပိုစတာစိုက်ထူခြင်းကို ယနေ့ နံနက် ၈ နာရီတွင်အမှတ်(၂)ရပ်ကွက် တပင်ရွှေထီးလမ်းရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ထိုသို့ ကျောင်းအပ်နှံရေးမြေစိုက်ပိုစတာများ စိုက်ထူရာတွင် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဒုတိယပညာရေးမှူးနှင့်ဆရာ ဆရာမများ၊ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)မှ ကျောင်းအုပ်ဆရာကြီး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှတာဝန်ရှိသူတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တိုက်ကြီးမြို့၌ ကျောင်းအပ်နှံရေးအထိမ်းအမှတ်ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကျင်းပ



**တိုက်ကြီး မေ ၁၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းမကြီး စုပေါင်းရုံးလမ်းဆုံနှင့် တောင်ပေါ်လမ်းထိပ်၌ ကျင်းပသည်။

ဆိုင်းဘုတ်တင်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးဝင်းမောင်၊ ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်ဆိုင်းဘုတ်တင်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဟင်္သာတမြို့နယ်၌ ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူ

**ဟင်္သာတ မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာ (ဗီနိုင်း)စိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက်ရှိ ဟင်္သာရပ်အဝိုင်းအနီး အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးဆရာကြီး ဦးတိုးဝင်းနှင့် တာဝန်ရှိသူများက ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရန်ကင်းမြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ

**ရန်ကင်း မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းနေအရွယ်ကလေးအားလုံးစဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီကအမှတ်(၁၄) ရပ်ကွက်ကျောက်ကုန်းလမ်းရှိ အထက (၂)ကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်၊ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့်ဆရာမများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်သည်။

ရန်ကင်းမြို့နယ် အတွင်းရှိ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့်အများပြည်သူများသိရှိနိုင်ရေး အတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ မြေစိုက်ပိုစတာဆိုင်းဘုတ် စိုက်ထူခြင်းအားအမှတ်(၄)ရပ်ကွက် ရန်ကင်းလမ်းရှိ အထက(၁)ကျောင်း၊ အမှတ် (၁၄)ရပ်ကွက် ကျောက်ကုန်းလမ်းရှိ အထက(၂)ကျောင်း၊ အမှတ်(၁၁) ရပ်ကွက် သစ္စာလမ်းရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်းတို့တွင်စိုက်ထူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ရန်ကင်း)

# စဉ့်ကိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် မေ ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ပျောက်ဆုံး၊ ပျက်စီးသွားသော အိမ်ထောင်စုစာရင်းများနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းကမြို့မရပ်ကွက်၊ ရန်အောင်မြင်ရပ်ကွက်နှင့် ကသဲစုကျေးရွာတို့တွင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးညဏ်စိုးနှင့် ဝန်ထမ်းများက အိမ်ထောင်စုစာရင်း ၆၃ စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၁ ခု ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၄၅)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ၏ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မေ ၁၁ ရက်မှ ၁၂ ရက်အထိ ကူဝိတ်နိုင်ငံတွင်ကျင်းပသည့် (၄၅)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ၏ အထွေထွေညီလာခံ(45th OCA General Assembly Kuwait) တက်ရောက်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၄)၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့်အတူ မေ ၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကူဝိတ်နိုင်ငံသို့ ထွက်ခွာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၁ ရက်တွင် ကျင်းပသည့် (၄၅)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ရာ အာရှအိုလံပစ်ကောင်စီဒုတိယဥက္ကဋ္ဌ Mr. Timothy Fok က အဖွင့်မိန့်ခွန်းပြောကြားပြီး ကူဝိတ်အိုလံပစ်ကော်မတီဥက္ကဋ္ဌ Sheikh Fahad Al Sabah၊ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌ Mr. Thomas Bach တို့က အမှာစကားပြောကြားသည်။

မေ ၁၂ ရက်တွင် အစည်းအဝေးဒုတိယနေ့ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် 44th OCA General Assembly အစည်းအဝေးမှတ်တမ်း အတည်ပြုခြင်း၊ အရှေ့၊ အရှေ့တောင်အာရှ၊ တောင်အာရှ၊ အာရှအလယ်ပိုင်းနှင့် အာရှအနောက်ပိုင်း အစရှိသည့် ဇုန်ငါးဇုန်၏ သက်ဆိုင်ရာဒုတိယဥက္ကဋ္ဌများက တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကိုအတည်ပြုခြင်း၊ ကမ္ဘာ့တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Witold Banka ကတင်ပြခြင်း၊ Hangzhou 2023 Asian Games Organizing Committee၊ Harbin 2025 Asian Winter Games Organizing Committee၊ Bahrain 2025 AYG Organizing Committee၊ Aichi Nagoya 2026 AGOC နှင့် Riyadh 2026 Asian Indoor and Martial Art Games OC မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ အိုလံပစ်သွေးစည်းညီညွတ်ရေးနှင့် အမျိုးသားအိုလံပစ်ကော်မတီများအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဖြည့်စွက်တင်ပြခြင်း၊ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌများက ဆွေးနွေးတင်ပြခြင်း၊ နောက်ကျင်းပမည့် General Assembly အတွက် နေ့ရက်နှင့်နေရာကို သတ်မှတ်ခြင်းနှင့် အထွေထွေဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာ၊ အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှုများ၊ အားကစားအဖွဲ့ချုပ်များ၏ ဒိုင်နှင့် နည်းပြသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များအတွက် အာရှအားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီးလည်းကောင်း၊ ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ လေ့ကျင့်မှုနေရာများနှင့် နေထိုင်စားသောက်မှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် ထိုင်းနိုင်ငံ၏ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ(SEAGF Council) မှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် ကူဝိတ်နိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျုံး(စံပြ)ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သည့် အပ်ချုပ်နည်းသင်တန်းကို ကြည့်ရှုစစ်ဆေးသည်။



ဒုတိယဝန်ကြီးက ယခုသင်တန်းမှ ထူးချွန်သူများကို မန္တလေးမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ဖွင့်လှစ်သော ဖက်ရှင်နှင့် ဒီဇိုင်းခြောက်လသင်တန်းသို့ ချိတ်ဆက်တက်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန် မှာကြားပြီး သင်တန်းသူများ ချုပ်လုပ်ထားသော လက်ရာများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပင်းတယမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော ကျုံးကျေးရွာအုပ်စု ပေါစံသီးကျေးရွာမှ မွေးမြူရေးဇုန်သို့ ဆက်သွယ်သော လမ်းအရှည် ၇ ဒသမ ၆ ဖာလုံ ကျောက်ချောခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ၁၀ ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ ပေါစံသီးကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဂါလန် ၂၀၀၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ ပေ ၅၁၀ စက်ရေတွင်း တူးဖော်ပေးခြင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာသူ ကျေးရွာသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး အထွက်တိုး ရှားရှားနေကြာမျိုးများဖြစ်သော မာဟွမ်း (Mahaon)၊ ဂျူလီယာ (Julia)၊ ဆဗျက်တလာနာ (Svetalana) သုံးမျိုးကို တစ်မျိုးလျှင် ငါးကေစီ လာမည့် ဆောင်းရာသီတွင် စမ်းသပ်စိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းက မွေးမြူရေးဇုန် ၃၅၇ ဧက ဆောင်ရွက်နေမှု အခြေအနေ၊ ၃၀ မဂ္ဂါဝပ် ဆိုလာစနစ် မီးလင်းရေး ဆောင်ရွက်နေမှုအခြေအနေနှင့် ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့နယ် တောင်လေးလုံး ကျေးရွာအုပ်စု ကျောက်တဲကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေ၊ ယူနီဆက်ထောက်ပံ့ငွေတို့ဖြင့် ကျေးရွာသောက်သုံးရေ ရရှိရေးအတွက် စိမ့်စမ်းရေ သွယ်တန်းပြီး ရေစစ်ကန်၊ ရေဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်နှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းများ သွယ်တန်းထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆင်သေရေလွှဲဆည်မှ စိုက်ပျိုးရေ ပြန်လည်ပေးဝေ

**နေပြည်တော် မေ ၁၅**

မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေလှောင်တမံကြီးများ ထိခိုက်ပျက်စီးမှုများ မရှိခဲ့သော်လည်း ဆင်သေရေလွှဲဆည်တွင် အလျားပေ ၁၅၀ ခန့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ယာယီပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်၍ ဧပြီ ၈ ရက်တွင် လယ်ယာမြေ ၄၅၂ ဧကကို စိုက်ပျိုးရေ စတင်ပြန်လည်ပေးဝေနိုင်ခဲ့ပြီး နောက်ဆက်တွဲငလျင်များကြောင့် ဧပြီ ၁၂ ရက်တွင် ဆင်သေရေလွှဲဆည်မှာ ဒုတိယအကြိမ် ထပ်မံထိခိုက်မှုဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေပေးဝေမှုကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။

စိုက်ပျိုးရေ အမြန်ပြန်လည်ပေးဝေနိုင်ရန်အတွက် ဌာနရှိ စက်ယန္တရားကြီးများဖြင့် ယာယီရေတားတမံတည်ဆောက်ခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက ကြီးကြပ်၍ နေ့/ညမပြတ်ဆောင်ရွက်ခဲ့ရာ လက်ယာတူးမြောင်းရေသောက်စနစ်ရှိ လယ်ယာမြေများကို ဧပြီ ၁၇ ရက်တွင် စိုက်ပျိုးရေပြန်လည်ပေးဝေနိုင်ခဲ့ပြီး မေ ၁၂ ရက်တွင် လက်ယာတူးမြောင်းရေသောက်စနစ်ရှိ စိုက်ပျိုးပြီးနွေစပါး ၂၂၇၉ ဧကကို ရာနှုန်းပြည့်စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။

အလားတူ လက်ဝဲတူးမြောင်းမကြီးမှလည်း စိုက်ပျိုးရေအမြန်ပြန်လည်ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၁ ရက်မှစတင်၍ ရေတင်စက်နှစ်စုံဖြင့် ရေကူပေးဝေနိုင်ခဲ့ပြီး ပိုမိုကောင်းမွန်သောစနစ်အဖြစ် ဆင်သေချောင်းအတွင်းမှ ရေကို တိုက်ရိုက်ရေခေါ်မြောင်း တူးဖော်ခြင်းလုပ်ငန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာ မေ ၂ ရက်တွင် လက်ဝဲတူးမြောင်းမကြီးသို့ စိုက်ပျိုးရေတိုက်ရိုက်ဖြည့်သွင်းပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၏ အနီးကပ်ကြီးကြပ်စစ်ဆေးလမ်းညွှန်မှု၊ ဌာနမှဝန်ထမ်းများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများပူးပေါင်း၍ ရေလှည့်စနစ်၊ ရေစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေပေးဝေခဲ့ရာ မေ ၁၃ ရက် ညနေပိုင်းတွင် လက်ဝဲတူးမြောင်းမကြီးရှိ စိုက်ပျိုးပြီး ၆၆၅၅ ဧကကို အပြည့်အဝရေပေးဝေနိုင်ခဲ့သည်။

ယနေ့ မေ ၁၅ ရက်တွင် ဆင်သေရေလွှဲဆည်ရေသောက်စနစ်ရှိ စိုက်ပျိုးပြီး နွေစပါးစုစုပေါင်း ၈၉၃၄ ဧကကို အပြည့်အဝ ရေပေးဝေထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍ စပါးရိတ်သိမ်းပြီးချိန်အထိ လိုအပ်သော စိုက်ပျိုးရေ အပြည့်အဝပေးဝေရေးကို တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံမှ ဩဝါဒခံယူပွဲအခမ်းအနား ကျင်းပ






**ရန်ကုန် မေ ၁၅**

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့၏ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ဝဂ်ပါလမ်းထောင့်ရှိ အဆိုပါဆေးရုံကြီး ရာဇဂြိုဟ်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်သန်းက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ တင်ပြလျှောက်ထားပြီး တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဩဝါဒကထာနှင့် အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး အဆောက်အအုံများပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ပဲခူး မေ ၁၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများ ကွင်းဆင်းစိစစ်နိုင်ရေး ပဲခူးတိုင်းဒေသကြီးအဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅) ကို ကျင်းပသည်။

**ကွင်းဆင်းစိစစ်**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပဲခူးတိုင်းဒေသကြီး အတွင်းတွင်လည်း လူသေဆုံးမှုနှင့် လမ်း/တံတား အပါအဝင် အဆောက်အအုံများ ထိခိုက်မှုရှိခဲ့ကြောင်း၊ ငလျင်ဖြစ်ပွားပြီး နောက်တစ်ရက်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ လမ်းပန်းဆက်သွယ်ရေး အမြန်ဆုံးကောင်းမွန်စေရန် ကွင်းဆင်းစိစစ်၍ ရက်ပိုင်းအတွင်း အမြန်ဆုံးပြုပြင်ပေးနိုင်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် ပုဂ္ဂလိကပိုင်အဆောက်အအုံများသည် ၎င်းတို့နီးစပ်ရာအင်ဂျင်နီယာ မဟုတ်သောသူများနှင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ နံရံပြိုကျခြင်း၊ ခေါင်မိုးပြိုကျခြင်းများကြောင့် လူသေဆုံးရခြင်းဖြစ်ကြောင်း၊ တောင်ငူခရိုင်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများကို ကွင်းဆင်းစိစစ်ရာတွင် လိုအပ်ချက်မရှိစေရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေက ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်၊ ပျက်စီးခဲ့သည့် လမ်း/တံတား၊ အဆောက်အအုံများကို ကွင်းဆင်းစိစစ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် စာရင်းဇယားပြုစုခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အနေဖြင့် မြေငလျင်ဒဏ်သင့်ဒေသများသို့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှု၊ ဒေသတွင်းအင်ဂျင်နီယာများအား အသိပညာပေးခြင်းဆိုင်ရာ ဆောင်ရွက်နေမှုနှင့် ကွင်းဆင်းစစ်ဆေးခြင်းအပိုင်း လုပ်ငန်းဆောင်ရွက်ပေးနေမှုများ၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ဝင်းမို့မို့လွင်က ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများကို ကွင်းဆင်းစစ်ဆေးပေးသည့်အပေါ် အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူခရိုင်၌ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ အထူးအဆောက်အအုံနှင့် ကျောင်းအဆောက်အအုံ အပြာရောင်အဆင့် ၆၉၂ ခု၊ လိမ္မော်ရောင်အဆင့် ၆၃ ခု၊ အနီရောင်အဆင့် ၈၄ ခုရှိပြီး မေ ၁၅ ရက်မှစ၍ အင်ဂျင်နီယာအသင်းချုပ်မှ အဖွဲ့ဝင် ၁၆ ဦးဖြင့် အဖွဲ့လေးဖွဲ့ခွဲ၍ အနီရောင်အဆင့် အဆောက်အအုံ ၈၄ လုံးကို ဦးစားပေးကွင်းဆင်းစိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်စခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန ထုံးဘိုကျား (၁) ကုန်ထုတ်စခန်းနှင့် ကျား(၂) ကုန်ထုတ်စခန်းများသို့ လည်းကောင်း၊ ယနေ့တွင် ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန ထုံးဘို (မ) ကုန်ထုတ်စခန်းနှင့် ပြင်ဦးလွင်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန ၂၄ မိုင် ကုန်ထုတ်စခန်းများသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ ကုန်ထုတ်စခန်းတာဝန်ခံများက အုပ်ချုပ်ထောက်ပံ့ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြရာ ကော်မရှင်အဖွဲ့ဝင်က မတ်လအတွင်း လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် သေဆုံးထိခိုက်ပျက်စီးမှု ရှိ၊ မရှိ မေးမြန်းရာတွင် ကုန်ထုတ်စခန်း တာဝန်ခံများနှင့် အကျဉ်းသား အကျဉ်းသူများက လူထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် အဆောက်အအုံအသေးစား ထိခိုက်ပျက်စီးမှုအနည်းငယ်သာ ရှိကြောင်း တင်ပြကြသည်။

ယင်းနောက် အကျဉ်းသားများကို အိပ်ဆောင်ရှေ့တွင် စုစည်းတွေ့ဆုံကာ အကျဉ်းသားအကျဉ်းသူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ၊ မရှိ အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ အခြေအနေတို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား ၁၃ ဦးကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့နောက် အကျဉ်းဦးစီးဌာန ကုန်ထုတ်စခန်းများသို့ ဝင်ရောက် အကျဉ်းသား အကျဉ်းသူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး ထမင်းစားဆောင်၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်က လှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ပေါ်အတွင်းရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




**နေပြည်တော် မေ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိသံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ပေါ်ရှိ ဆုတောင်းပြည့်ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါး တို့အား ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**နေပြည်တော် မေ ၁၅**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံး လက်အောက်ရှိ ပျဉ်းမနားမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ လူမှုဖူလုံရေးရုံးတို့တွင် လူမှုဖူလုံရေး အကျုံးဝင်မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား လူမှုဖူလုံရေးအဖွဲ့-ဘေးမခရောဂါရှာဖွေရေး ရွေ့လျားဆေးကုသယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ယာဉ်ရပ်နားဝင်း၌ ပြုလုပ်သည်။



အဆိုပါအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အာမခံဝန်ထမ်းများအား အထွေထွေကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ဆေးဝါးကုသခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ နှလုံးအတွက် ECG စစ်ဆေးခြင်း၊ သွေးစစ်ခြင်း အပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသည်။

လူဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသည့် အလုပ်သမားများအတွက် မန္တလေးလျှောင်ကြီး လုပ်ခတ်မှုကြောင့် လုပ်ငန်းခွင်ထိခိုက်မှုအကျိုးခံစားခွင့်တွင် ပါဝင်သည့် ယာယီမသန်စွမ်း၊ အမြဲတမ်းမသန်စွမ်းနှင့် ထိခိုက်မှုများအလိုက် လစာအပေါ် ပေးသွင်းထားသည့် ထည့်ဝင်ကြေး၏ ၇၀ ရာခိုင်နှုန်း၊ လူထိခိုက်မှုမရှိဘဲ အိုးအိမ်ပျက်စီးမှုများအတွက် လစာအပေါ် ပေးသွင်းထားသည့် ထည့်ဝင်ကြေး၏ ၄၀ ရာခိုင်နှုန်းနှင့် KG မှ တက္ကသိုလ်အထိ ပညာသင်ကြားနေသော အာမခံဝန်ထမ်းများ၏ သား၊ သမီးများကို အဆင့်အလိုက် ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်သွားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

လူမှုဖူလုံရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာ ကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသော စာချုပ်ဆေးရုံ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်း လေးခန်း၊ စာချုပ်ဆေးခန်း ငါးခန်း၊ သားဖွားမီးယပ်ပြင်ပလူနာ ကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း သုံးခန်းတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ် စီမံချက်အနေဖြင့် လူမှုဖူလုံရေးအကျုံးဝင်အလုပ်ဌာန ၁၀၈၉ ဌာနမှ အာမခံအလုပ်သမား ၂၇၉၃၆ ဦးတို့ကို မေ ၁၂ ရက်မှ ဇွန် ၃၀ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီး၌ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသပေးနိုင်ရေး ဇာတ်တိုက်လေ့ကျင့်

**ဟသ်ာတ မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ လူများ အစုလိုက်ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသရေးဆောင်၌ ပြုလုပ်သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာတွင် ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဖြိုးဝေဝင်း ဦးဆောင်၍ ကုသရေးဦးစီးဌာနမှ လူများအစုလိုက်ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရှေ့ပြေးဆေးအဖွဲ့၊ ကွပ်ကဲရေးအဖွဲ့၊ ကုသရေးအဖွဲ့၊ လူနာလွှဲပြောင်းကုသရေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့များဖွဲ့စည်း၍ စနစ်တကျစီမံခန့်ခွဲထားရှိပြီး ဟသ်ာတမြို့ပေါ်ရှိ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများနှင့် ပူးပေါင်းဇာတ်တိုက် လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာသို့ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**

# ပုံမှန်ကာကွယ်ဆေးထိုး / ဆေးတိုက်ကျွေးခြင်းနှင့် ပိုလီယိုကာကွယ်ဆေး ထပ်ဆောင်းတိုက်ကျွေးခြင်းပြုလုပ်

**နေပြည်တော် မေ ၁၅**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ ငါးနှစ်အထိ ကလေးငယ်များ ကာကွယ်ဆေးထိုး/ဆေးတိုက်ခြင်းနှင့် ပိုလီယိုကာကွယ်ဆေး ထပ်ဆောင်း တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တပ်ရင်း/တပ်ဖွဲ့များရှိ ကလေးငယ်များနှင့် မိသားစုဝင်များ၊ နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများ/ဆေးမှူးများနှင့် သူနာပြုများ တက်ရောက်ကြသည်။

**ထိုးနှံတိုက်ကျွေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် မန္တလေးတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ ငါးနှစ်အထိ ကလေးငယ် ၂၂၀ တို့အား နယ်မြေခံတပ်မတော် ဆေးတပ်ရင်းမှပါရဂူများနှင့် ဆေးမှူးများက ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပြင်းထန်အဆုပ်ရောင် ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ကလေးငယ်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အမှတ်(၁) တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း(တောင်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲမေ၊ သင်တန်းသားများ၏ (န၀မ)အကြိမ်မြောက် ဒါနဥပပါရမီဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခြင်းကို မေ ၁၅ ရက်က အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်းတွင် ပြုလုပ်ခဲ့ရာ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် အရာရှိများက အားဆေးနှင့် အင်အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်စဉ်။ ကြေးမုံ

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ကိုလံဘီယာနှင့် တရုတ်နှစ်နိုင်ငံ ပိုးလမ်းမစီမံကိန်း ပဏာမပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုး

ပေကျင်း မေ ၁၅

လက်တင်အမေရိကနိုင်ငံတစ်ခုဖြစ်သည့် ကိုလံဘီယာနှင့် တရုတ်တို့သည် ပေကျင်း၏ ပိုးလမ်းမစီမံကိန်း ပဏာမပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးကြောင်း သိရသည်။

ကိုလံဘီယာသမ္မတ ဂူစတာဗိုပီထရိုနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် မေ ၁၄ ရက်တွင် ပေကျင်းမြို့တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုလံဘီယာသမ္မတ ဂူစတာဗိုပီထရိုသည် တရုတ်နှင့် ကာရစ်ဘီယံနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးရန် တရုတ်နိုင်ငံ ပေကျင်းမြို့တော်သို့ ရောက်ရှိလျက်ရှိသည်။


နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အဆင့်မြှင့်တင်ရန် အခွင့်အလမ်းတစ်ခုအဖြစ် ယခုပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်ရန်လိုအပ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ယခင်က ကိုလံဘီယာသည် ၎င်း၏အကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ဆက်ဆံရေးကို မြှင့်တင်ခဲ့သည့်အတွက် ကြီးမားသောစီးပွားရေးဇုန်တစ်ခု တည်ဆောက်ရန် ရည်ရွယ်သည့် တရုတ်နိုင်ငံ၏ ပိုးလမ်းမစီမံကိန်းများနှင့် အလှမ်းဝေးကွာခဲ့ရသည်။

သို့သော် ကိုလံဘီယာသည် ပိုးလမ်းမစီမံကိန်း၏ ကနဦးအစပျိုးမှုအပေါ် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ ယင်းသို့ တရုတ်နိုင်ငံ ပို့ကုန်များ တိုးလာခြင်းသည် လက်တင်အမေရိကနိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းဒေသရှိ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

လက်တင်အမေရိကသည် သမိုင်းကြောင်းအရ အမေရိကန်၏ပြင်းထန်သော ဩဇာလွှမ်းမိုးမှုအောက်တွင်ရှိခဲ့ပြီး တရုတ်သည် မကြာသေးမီနှစ်များအတွင်း ဒေသတွင်း၌ ၎င်း၏ပါဝင်မှုကို တိုးမြှင့်ခဲ့သည်။

လက်ရှိအချိန်တွင် လက်တင်အမေရိကနိုင်ငံ ၂၀ ကျော်သည် ပိုးလမ်းမစီမံကိန်းများတွင် ပါဝင်လျက်ရှိသည်။ ဇန်နဝါရီလတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ရာထူးအာဏာ စတင်ထမ်းဆောင်ပြီးနောက် ပနားမားနိုင်ငံသည် ပိုးလမ်းမစီမံကိန်းမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။




ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# သဘာဝဘေးခံစားခဲ့ရသူများအား စိတ်ကျန်းမာရေး မြှင့်တင်စောင့်ရှောက်ခြင်း၏ အရေးပါပုံကို ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများဆွေးနွေး

တိုကျို မေ ၁၅




သဘာဝဘေး ကျရောက်မှုအပြီး သဘာဝဘေးခံစားခဲ့ရသူများကို စိတ်ကျန်းမာရေးမြှင့်တင်စောင့်ရှောက်ခြင်း၏ အရေးပါပုံကို ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများအကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း ယနေ့အင်န် အိတ်ချ်ကေ သတင်းအရ သိရသည်။ ထိုင်းနိုင်ငံတွင် ပြီးခဲ့သည့်လအတွင်းက မြေငလျင်လှုပ်ခတ်မှုကြောင့် ဆောက်လုပ်စအထပ်မြင့် အဆောက်အအုံပြိုကျရာတွင် ၈၉ ဦး သေဆုံးပြီး ကိုးဦး ထိခိုက်ဒဏ်ရာရရှိကာ ခုနစ်ဦး ပျောက်ဆုံးခဲ့သည်။

၎င်းဆွေးနွေးပွဲအတွင်း သဘာဝဘေးထိခိုက်ခံစားခဲ့ရပြီး အသက်ရှင်ကျန်ရစ်သူများနှင့် သေဆုံးသူများ၏ မိသားစုများကို စိတ်ကျန်းမာရေး ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ခဲ့ရသူ ကျွမ်းကျင်ဝန်ထမ်းများအကြား အတွေ့အကြုံဖလှယ်ခဲ့ကြသည်။

သဘာဝဘေး ကြုံတွေ့ခဲ့ရသူ အသက်ရှင် ကျန်ရစ်သူများအနေဖြင့် ဖြစ်စဉ်အတွင်း သေဆုံးခဲ့သူများကြောင့် စိတ်တွင်ထိခိုက်ခံစားရပြီး ဖြစ်စဉ်ကိုပြန်လည်ပြောပြရန် တွန့်ဆုတ်နေကြကြောင်း ဂျပန်နိုင်ငံ ဟိုင်ဂျို စိတ်ကျန်းမာရေး အင်စတီကျူမှ ညွှန်ကြားရေးမှူး ကာတိုဟီရိုရှိက ပြောကြားသည်။

၎င်းသည် ၁၉၉၅ ခုနှစ်တွင် ဂျပန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဟန်ရှင်-အဝါဂျီ ငလျင်ခံစားခဲ့ရသူများအား စိတ်ကျန်းမာရေး စောင့်ရှောက်ပေးခဲ့ရသည့်ကျွမ်းကျင်သူဖြစ်သည်။

ထို့ပြင် ၎င်းကဲ့သို့ သဘာဝဘေးဖြစ်စဉ်များအတွင်း တာဝန်ထမ်းဆောင်ရသည့် မီးသတ်တပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင်များကို စိတ်ဓာတ်ခိုင်မာစေရေးအတွက် စိတ်ကျန်းမာရေးဆိုင်ရာ ပြင်ဆင်ကုသမှု ဦးစွာခံယူစေသင့်သည်ဟု ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ ကယ်ဆယ်ရေးလုပ်သားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် ကယ်ဆယ်ရေးလုပ်ငန်း အောင်မြင်စေရေးအတွက် အရေးကြီးကြောင်း ထိုင်းကျန်းမာရေးတာဝန်ရှိသူ ပုံဆာကွန်လန်ဒီက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံရှိ ဆိုရှယ်မီဒီယာများတွင် အွန်လိုင်းလောင်းကစားနှင့်ပတ်သက်သည့် ဖော်ပြချက် အရေအတွက် ၁ ဒသမ ၃ သန်းကျော်ကို ပိတ်ပင်ခဲ့

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှားနိုင်ငံရှိ ဆိုရှယ်မီဒီယာများတွင်ပျံ့နှံ့နေသည့် အွန်လိုင်းလောင်းကစားနှင့်ပတ်သက်သည့် ဖော်ပြချက်အရေအတွက် ၁ ဒသမ ၃သန်းကျော်ကို ယမန်နှစ်အောက်တိုဘာလမှယခုနှစ်မေလအတွင်းပိတ်ပင်ခဲ့ရကြောင်း တာဝန်ရှိသူများက မေ ၁၅ ရက်တွင် ပြောကြားသည်။

၎င်းဖော်ပြချက်များအနက် အရေအတွက် ၁ ဒသမ ၂သန်းမှာ အွန်လိုင်းလောင်းကစား ဝက်ဘ်ဆိုက်များမှဖြစ်ပြီး ကျန်ဖော်ပြချက်များမှာ အွန်လိုင်းလောင်းကစားကြော်ငြာများဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဝန်ကြီးဌာန ဒစ်ဂျစ်တယ်လုပ်ငန်း ကြီးကြပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် အလက်ဇန်းဒါးဆာဗာက ပြောကြားသည်။

အင်ဒိုနီးရှားသည် ပြီးခဲ့သည့်နှစ်များအတွင်းစတင်၍ အွန်လိုင်းလောင်းကစားလုပ်ငန်းကို နှိမ်နင်းခဲ့သည်။ အွန်လိုင်းမှ လောင်းကစားဆိုင်ရာအကြောင်းအရာများကို ပိတ်ပင်ခြင်းသည် ထိရောက်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အွန်လိုင်းတွင် လောင်းကစားပြုလုပ်ခြင်းသည် မိသားစုဝင်ငွေကို ထိခိုက်စေရုံသာမက လူငယ်များ၏အနာဂတ်ကို ထိခိုက်စေကြောင်းနှင့် ယခုနှစ်ကုန်တွင် အွန်လိုင်းလောင်းကစားကြောင့် နိုင်ငံသားများဆုံးရှုံးနိုင်သည့် ငွေပမာဏသည် ရူပီးယား ၁၀၀၀ ထရီလီယံအထိရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ပေးရန် ဒေါ်နယ်ထရမ့်၏ တောင်းဆိုမှုအပေါ် နေတိုးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

အစ္စတန်ဘူလ် မေ ၁၅

နေတိုးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် လာမည့်လတွင် ကျင်းပမည့်ထိပ်သီးအစည်းအဝေးမတိုင်မီ ကိစ္စရပ်များကို ဆွေးနွေးရန်အတွက် တူကီယဲနိုင်ငံ၌ ယမန်နေ့တွင် တွေ့ဆုံကြောင်း သိရသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ၎င်းတို့၏နှစ်ရက်ကြာအစည်းအဝေးကို မေ ၁၄ ရက်တွင် အန်တာလာမြို့၌ စတင်ခဲ့သည်။

အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးအသုံးစရိတ်ကိုတိုးမြှင့်ပေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ တောင်းဆိုမှုအပေါ် ၎င်းတို့က ဆွေးနွေးလျက်ရှိသည်။

လာမည့်လတွင် နယ်သာလန်နိုင်ငံ၌ ကျင်းပမည့် နေတိုးထိပ်သီးအစည်းအဝေးတွင် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိလိမ့်မည်ဟု နေတိုးအတွင်းရေးမှူးချုပ် မာ့ခ်ရူတီက ထုတ်ဖော်ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နေတိုးအဖွဲ့ဝင်နိုင်ငံများအား ၎င်းတို့၏ ကာကွယ်ရေးအသုံးစရိတ်ကို ၎င်းတို့၏ အသားတင်ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) ၏ ငါးရာခိုင်နှုန်းအထိ မြှင့်တင်ရန် တိုက်တွန်းထားသည်။

အဖွဲ့ဝင်နိုင်ငံများသည် ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၃၂ ခုနှစ်တွင် ၎င်းတို့၏ အသားတင်ထုတ်ကုန်တန်ဖိုး၏ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သင့်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် မာ့ခ်ရူတီက အကြံပြုပြောကြားသည်။ ထို့ပြင် လုံခြုံရေးဆိုင်ရာပစ္စည်းများအတွက် ၎င်းတို့၏ အသားတင်ထုတ်ကုန်တန်ဖိုး၏ နောက်ထပ် ၁ ဒသမ ၅ ရာခိုင်နှုန်းကို သုံးစွဲသင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ပြောကြားချက်သည် သမ္မတ ဒေါ်နယ်ထရမ့်၏ အသားတင်ထုတ်ကုန်တန်ဖိုး၏ ငါးရာခိုင်နှုန်းသုံးစွဲရန် အဆိုပြုချက်ကို သဘောတူနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးသုံးသပ်သူများက ပြောသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် အဆိုပြုထားသော ကာကွယ်ရေးအသုံးစရိတ်အတွက် ဖြစ်နိုင်ခြေပမာဏနှင့် အချိန်ကာလကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ကပ်ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်ကို ရှာဖွေရန် တောရိုင်းလင်းနို့များကို စစ်တမ်းကောက်ယူ

တိုကျို မေ ၁၅

ဂျပန်နှင့် ဗီယက်နမ် ဆေးဘက်ဆိုင်ရာ သုတေသီများသည် ကပ်ရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်ကိုရှာဖွေရန် ဗီယက်နမ်နိုင်ငံရှိ တောရိုင်းလင်းနို့များကို စစ်တမ်းကောက်ယူလျက်ရှိကြောင်း သိရသည်။ အဆိုပါ စစ်တမ်းကောက်ယူမှုကို ဂျပန်နိုင်ငံ နာဂါဆာကီတက္ကသိုလ်နှင့် ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာအကယ်ဒမီတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် တောရိုင်းတိရစ္ဆာန်မှ လူသားများဆီသို့ ကူးစက်သည့် ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားခြင်းဖြစ်သည်ဟု ယူဆရသည်။

အမည်မသိ ဗိုင်းရပ်စ်ပိုးများသည် တောရိုင်းတိရစ္ဆာန်များမှ လူသားများဆီသို့ ကူးစက်နိုင်ကြောင်း ကျန်းမာရေးကျွမ်းကျင်သူများက သတိပေးပြောကြားသည်။ သုတေသနအဖွဲ့သည် ထိုင်းနှင့် မလေးရှားနိုင်ငံတို့ အပါအဝင် အရှေ့တောင်အာရှ၌ တောရိုင်းလင်းနို့များ၏ နမူနာများယူရန် စီစဉ်လျက်ရှိသည်။

ကိုဗစ် -၁၉ ရောဂါနှင့် အခြားဗိုင်းရပ်စ်များကို လက်ခံထားနိုင်သော လင်းနို့မျိုးစိတ်များကို ပစ်မှတ်ထားကာ ဗီယက်နမ်မြောက်ပိုင်း လာအိုကိုင်ပြည်နယ်ရှိ လိုဏ်ဂူတစ်ခုတွင် စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါလင်းနို့များမှ နမူနာများကို ဗီယက်နမ်နိုင်ငံရှိ ဓာတ်ခွဲခန်းတစ်ခုတွင် ခွဲခြမ်းစိတ်ဖြာပြီး ၎င်းတို့တွင် လူသားများကိုကူးစက်နိုင်သည့် ရောဂါပိုးအမျိုးအစားများ ပါဝင်ခြင်း ရှိမရှိကို စစ်ဆေးလျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် ယာဉ်များသိမ်းဆည်းရမိ

နေပြည်တော် မေ ၁၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့ သုံးမိုင်လမ်းဆုံအနီး၌ လိုင်စင်မဲ့ယာဉ်သုံးစီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ် (၆)ရပ်ကွက် ဗိုလ်ချစ်သူလမ်းနှင့် ပင်လောင်း(၇)လမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၈၂၀၀၀) ကိုလည်းကောင်း၊ သံလွင်တံတား (တရုတ်လှဘက်ခြမ်း) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၂၈၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၈၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hyundai Starex တစ်စီးနှင့် စက်မှုဇုန်ထုတ် Top Super Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင် ခရိုင်နှင့် သာယာဝတီခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၈၁၂ တန်၊ သစ်မာ ၁ ဒသမ ၈၉၃ တန်၊ အခြားသစ် ၄ ဒသမ ၇၂၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၄၄၈၂၄၆ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၁၉၆၈၃၄၂၄၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းအမျိုး ၂၀၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၃၄၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး၊ Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၇၂၄၆၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်း မင်္ဂလာရပ်ရှင်ရုံအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Pickup ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၈၀၀၀၀) ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၉၈၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၇၅၆၄၀၀) ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၈၄၀၃၇၅၂ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Taw Win Min Tha Mee ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၃၂၁၅၉၇၀၁၅၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၁၄ ရက်တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၅ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၈၇၁၇၈၀၉၉၈ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၅-၂၀၂၅ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အင္ဂုနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ စာပဒေသာ...ဝေဆာစေမည်
- ၀၉:၁၀ ချစ်စရာဝလေ့များနှင့် အာဝါမျိုးနွယ်စုများရဲ့ တောင်ပေါ်ဒေသ
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၄၀ လူမှုစီးပွားသတင်းများ
- ၁၁:၃၅ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လျှို့ဝှက်ချက်များစွာ' (အပိုင်း-၂၀)
- ၁၅:၁၀ လုပ်ငန်းရေးရာအစီအစဉ်
- ၁၆:၄၀ မျိုးဝုဏ်တင့်စေသိကရေးတီးအဖွဲ့
- ၁၇:၁၀ လူမှုဘဝထဲကကော်ဖီ
- ၁၇:၂၅ Weekly Sport Info
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'K-Music Show' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:09 Nature's Progeny Town: December Garden
- 07:34 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life (Re-edit)
- 08:01 News
- 08:26 Encouraging Sustainable MSMEs In Media & Entertainment Industry (Brunei)
- 08:36 Htan Taw Drums (Part-I)
- 08:49 Tha Khut Flowers Salad
- 09:19 National Museum (Yangon)
- 09:50 Ngapali Beach: Fishing Villages
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက(ရခိုင်)
- ၀၆:၅၅ မြန်မာသံစဉ်တေးများ
- ၀၇:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၄)
- ၀၈:၁၀ ဝတီရီယိုတေးများ
- ၀၈:၃၅ ရုပ်စုံသဘင် 'လူ၊ ကျေး၊ နဂါး၊ ကြွက်လေးပါး' ဇာတ်တော်
- ၁၀:၀၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'အချစ်သည်လေပြည်'
- ၂၁:၀၀ 'K-Music Show' တေးဂီတဖျော်ဖြေပွဲ

### MRTV NRC

- ကယား (၀၆:၀၀ မှ ၀၈:၀၀) လန်းဆန်းပျော်ရွှင်ရေလမ်းကြောင်းခရီးစဉ်
- ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀) ဂေါ်ရန်ဂျီကျွန်းသဘာဝအလှ (အပိုင်း-၂)
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) ပျော်ဆန်တဲ့အလှတရားများရှိရာငှက်ကျွန်း
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာများ
- ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀) ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်
- ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀) ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း
- မွန် (၁၃:၀၀ မှ ၁၅:၀၀) ငါးရံ့သရက်သီးချက်
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) အိပ်မက်ကကြိုးတာခုနှစ်သူ (ကျော်သိုက်)
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) ရွှေတိုက်မြို့တော်
- ဝ (၁၉:၀၀ မှ ၂၁:၀၀) 'ဝ' ဘာသာစကားပြောကြရအောင် ('ဝ' ရိုးရာတူရိယာဆိုင်ရာအခေါ်အဝေါ်များ)
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) ကချင်ဝတ်အုချောင်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ ရသစုံစွာဥ္စာမြေကမ္ဘာ
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငရအသုံးကုန်းတစ်ဝက်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဝရိကနိုင်ငံ' (အပိုင်း-၁)
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၁)

### MRTV FARMERS' HD Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Day in the Life of a Small Farm-1
- ၁၉:၀၀ Rose Tour
- ၂၀:၀၀ ရှယ်လီကောသာ(ဇာတ်လမ်း)
- ၂၂:၀၀ Way back home (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD Channel

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ FIFA MFF U-19 Youth League (Week -7) JV Vs GENERATIONS

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ ဝန်ကြိမ်ပျင် (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကာ ဓားပြတိုက်၊ လုယက်မှုများ ကျူးလွန်နေသောဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၁၅**

မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်း မန္တလေးမြို့ပေါ် အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြစ်ငယ်မြို့များအတွင်း ပြောက်ကျားဝတ်စုံများဝတ်ဆင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအယောင်ဆောင်ကာ ဂိုဏ်းဖွဲ့၍ ဓားပြတိုက်ခြင်း၊ လုယက်ခြင်းများ မကြာခဏကျူးလွန်ဖြစ်ပွားလာသဖြင့် ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိရေး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၂၀၂၅ ခုနှစ် မေ ၅ ရက်တွင် ဓားပြတိုက်၊ လုယက်မှုများကျူးလွန်မှုများတွင် ဦးဆောင်ကျူးလွန်ခဲ့သည့် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ **နေထက်လင်း** (၂၉)နှစ် (ဘ) ဦးသံချောင်းအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **နေထက်လင်း**၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဓားပြတိုက်၊ လုယက်မှုများတွင် ပူးပေါင်းပါဝင်ခဲ့သူများ ဖြစ်သည့် ၎င်း၏ဇနီး **မေမီမီကို** (၃၁)နှစ် (ဘ) ဦးကိုကိုလွင်၊ စဉ့်ကိုင်မြို့နယ် အရေးမဆိုကျေးရွာနေ **ညီညီလွင်(ခ) ညီညီ**(၂၉)နှစ် (ဘ)ဦးအေးကို၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ **ကိုကိုလွင်** (၆၅) နှစ် (ဘ)ဦးတင်မောင်လေး၊ အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာနေသူများဖြစ်သည့် **ရဲနိုင်ဝင်း(ခ) ဖိုးသား** (၃၇) နှစ်(ဘ) ဦးခင်မောင်နှင့် **ဟိန်းမင်းသူ(ခ) ဟူစိန်**(၂၂)နှစ် (ဘ)ဦးမြင့်စိုး၊ မကွေးတိုင်းဒေသကြီး မင်းလှမြို့ အမှတ်(၁၀) ရပ်ကွက်နေ **နေမင်းအောင်(ခ) ထက်လင်း** (၂၆)နှစ် (ဘ)ဦးမြင့်မိုး၊ အမရပူရမြို့နယ်၊ စာတိုးကျေးရွာနေ **မျိုးဇော်** (၂၆)နှစ်(ဘ) ဦးမြင့်နောင်၊ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေသူများဖြစ်သည့် **မင်းသက်နိုင်(ခ) ကျစ်ကျစ်**(၂၈)နှစ် (ဘ) ဦးကိုကိုလွင်၊ **ကျော်သီဟ(ခ) သီဟ** (၂၄)နှစ် (ဘ)ဦးကျော်၊ **မင်းသက်ကို(ခ) ချစ်ချစ်**(၂၃)နှစ် (ဘ)ဦးကိုကိုလွင်၊ ပုသိမ်ကြီးမြို့နယ် ကုလားကြီးကျေးရွာနေ **ဇာနည်ထွန်း(ခ) ဇာနည်** (၃၈)နှစ် (ဘ) ဦးကြည်လေး၊ နေပြည်တော် သာဝတ္တိမြို့ စက်ရုံစုရပ်ကွက်နေ **ဉာဏ်ထက်လင်း(ခ) ကိုထက်** (၃၁)နှစ် (ဘ) ဦးနေမျိုးလှိုင်၊ မုံရွာမြို့၊ မြဝတီရပ်ကွက်နေသူများဖြစ်သည့် **သန်းသန်းမိုး**(၅၁)နှစ် (ဘ) ဦးသံချောင်းနှင့် **မြင့်မိုး** (၅၁)နှစ် (ဘ)ဦးပေါ်ရှိန်၊ အမရပူရမြို့နယ်၊ ဘနော်ကျေးရွာနေ **ဖြူစွာမင်း(ခ) ကတုံး** (၃၀)နှစ် (ဘ)ဦးချွတ်၊ ဟုမ္မလင်းမြို့နေ **ဇော်မျိုးထက်(ခ) ကိုမျိုး** (၃၃)နှစ် (ဘ) ဦးသံချောင်းတို့ ပါဝင်သောဂိုဏ်းအဖွဲ့မှ တရားခံအမျိုးသား ၁၅ ဦး၊

စာမျက်နှာ ၁၆ သို့ ❖




လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကာ ဓားပြတိုက်၊ လုယက်မှုများ ကျူးလွန်နေသောဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီးရမိမှု။



လုံခြုံရေး တပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကာ ဓားပြတိုက်၊ လုယက်မှုများ ကျူးလွန်နေသော တရားခံများနှင့်အတူ သက်သေခံ ပစ္စည်းများကို တွေ့ရစဉ်။

















သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၇၆ ဦး ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် မေ ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အီသီယိုးပီးယားနိုင်ငံသား ၇၆ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr.Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၇၀ အား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၃၀၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၆၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၅ မှ

အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၇ ဦးတို့အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စတိုသေနတ် လေးလက်၊ မော်တော်ယာဉ်သုံးစီး၊ ဆိုင်ကယ်တစ်စီး၊ ပြောက်ကျားဝတ်စုံ လေးစုံတို့နှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ **နေထက်လင်း၊ ညီညီလွင်၊ ဖြူစွာမင်း**တို့ သုံးဦးသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်က တံတားဦးမြို့နယ် ခင်လူးလေးကျေးရွာနေ **ကိုဟန်(ခ) ကိုသီဟန်** မောင်းနှင်လာသည့် YGN 2R-xxxx FORD DOUBLE CUB မော်တော်ယာဉ်အား အကြမ်းဖက်လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊



တရားခံများနှင့်အတူသက်သေခံပစ္စည်းများကို တွေ့ရစဉ်။

**နေထက်လင်း၊ ညီညီလွင်၊ ဖြူစွာမင်း**တို့ သုံးဦးသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် အမရပူရမြို့နယ်ရှိ "မောင်ဒိန်း" ရွှေဆိုင်အား လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ရဲနိုင်ဝင်း၊ ဟိန်းမင်းသူ၊ နေမင်းအောင်**တို့ လေးဦးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ "Sky Star Mobile" ဖုန်းဆိုင်မှ ဖုန်း ၈၄ လုံးနှင့် ငွေကျပ် ခုနစ်သိန်းကျော်အား လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ညီညီလွင်၊ ရဲနိုင်ဝင်း၊ ဟိန်းမင်းသူ၊ နေမင်းအောင်**တို့ ငါးဦးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျောက်ဆည်မြို့ မြို့မဈေးအတွင်းရှိ "ဦးသန်းထွန်း+ဒေါ်ခင်ရီ" ရွှေဆိုင်နှင့် "ဦးသန်းနိုင်+ဒေါ်သူဇာဝင်း"ရွှေဆိုင်တို့အား ဓားပြတိုက်မှု ကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ မျိုးဇော်၊ နေမင်းအောင်၊ မင်းသက်နိုင်၊ ဇာနည်ထွန်း၊ သန်းသန်းမိုး၊ မြင့်မိုး**တို့ ခုနစ်ဦးသည် ၂၀၂၄ ခုနှစ် မေ ၃၁ ရက်တွင် မဟာအောင်မြေမြို့နယ် ၃၈x၃၉ လမ်းနှင့် ၈၄ x ၈၅ လမ်းအကြားရှိ မန်းမြို့ဈေး အတွင်းရှိ "ဆယ်သန်း"ရွှေဆိုင်အား ဓားပြတိုက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း**နှင့် **ညီညီလွင်**တို့ နှစ်ဦးသည် ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၅၄x၅၅ လမ်းအကြား (၁၁)F လမ်းနေ ဒေါ်ဆွေဇင်ထွန်း၏ နေအိမ်အတွင်း ဝင်ရောက်၍ ငွေစက္ကူရောရာ ငွေကျပ် ၁၁၉ သိန်းကျော်အား လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ညီညီလွင်၊ မင်းသက်ကို၊ ကျော်သီဟ၊ မေမီမီကို၊ ဉာဏ်ထက်လင်း**တို့ ခြောက်ဦးသည် ၂၀၂၅ ခုနှစ် ဧပြီ ၅ ရက်တွင် အမရပူရမြို့နယ် ဆင်ရွာမြင်းမူကျေးရွာရှိ "မြသဇင်" အထည်ဆိုင်အား ဓားပြတိုက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ညီညီလွင်၊ မင်းသက်ကို၊ ကျော်သီဟ၊ မေမီမီကို၊ ကိုကိုလွင်**နှင့် **ဉာဏ်ထက်လင်း**တို့သည် ၂၀၂၅ ခုနှစ် ဧပြီ ၂၈ ရက်တွင် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၅၅ လမ်း ၁၀၃x ၁၀၄ လမ်းအကြားရှိ "ရွှေဇာမဏီ" ရွှေဆိုင်အား ဓားပြတိုက်မှု ကျူးလွန်ရာတွင်လည်းကောင်း ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ် သိရှိရသည်။

ဖော်ထုတ်ဖမ်းဆီးရမိသည့် ဓားပြတိုက်ခြင်း၊ လုယက်မှုများကို ကျူးလွန်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကျူးလွန်ခဲ့ကြကြောင်း အထောက်အထားများနှင့်တကွ စစ်ဆေးပေါ်ပေါက်ပြီး ဖမ်းဆီးရမိသည့် နေထက်လင်းအပါအဝင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီးနှစ်ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခဲ့ပြီး ဖမ်းဆီးရန် ကျန်တရားခံများနှင့် သိမ်းဆည်းရန်ကျန် လက်နက်ခဲယမ်းများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး၊ ဖြစ်စဉ်များတွင်ပါဆုံးခဲ့သည့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၅-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၀၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၁၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၁၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၁၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၁၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၀၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၀၉ | ၂၇၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅ ဒသမ ၈၀၉၈ တန်၊ သစ်မာ ၂ ဒသမ ၈၇၀၀ တန်၊ အခြား ၅၀ ဒသမ ၄၅၁၄ တန် စုစုပေါင်း ၅၉ ဒသမ ၁၃၁၂ တန်၊ ယာဉ်/ ယန္တရား သုံးစီး၊ တရားခံ ၁၂ ဦး ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၇ ဒသမ ၅၃၀၆ တန်၊ သစ်မာ ၂ ဒသမ ၀၇၄၀ တန်၊ အခြား ၂၃ ဒသမ ၉၃၄၆ တန် စုစုပေါင်း ၃၃ ဒသမ ၅၃၉၂ တန်၊ ယာဉ်/ ယန္တရား သုံးစီး၊ တရားခံ ၁၃ ဦး ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# ရိုးရာယဉ်ကျေးမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ ပေါင်းစပ်ထားသည့် ထူးခြားသောမြို့ပြဒေသ ဟိုးဟော့

လင်းလင်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုးဟော့မြို့ကို တွေ့ရစဉ်။

"တံတားတွေနဲ့ တောင်တွေက အစိမ်းရောင်နဲ့ အပြာရောင်တွေဖြစ်တဲ့အတွက် မြို့နာမည်ကို ဟိုးဟော့လို့ နာမည်ခေါ်တွင်တာပါ"ဟု ဒေသခံအမျိုးသမီးလေးက ရှင်းပြသည်။ စိတ်ဝင်စားစရာဖြစ်သည့်အတွက် ဖြတ်သန်းသွားလာရာလမ်းတစ်လျှောက် သတိထားကြည့်သည့်အခါ တံတားများက အစိမ်းနှင့် အပြာရောင်များဖြစ်ပြီး တောင်များက စိမ်းညို့ညို့ တည်ရှိနေသည်ကို တွေ့ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြောက်ပိုင်းတွင် တည်ရှိသည့် အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Inner Mongolia Autonomous Region)၏ မြို့တော်မှာ ဟိုးဟော့ (Hohhot) ပင် ဖြစ်သည်။

ပေကျင်းမြို့ Beijingbey ဘူတာမှ နံနက် ၈ နာရီခွဲတွင် ထွက်လာသည့် မြန်နှုန်းမြှင့်ရထားသည် ကီလိုမီတာ ၅၀၀ ခန့်အကွာတွင် တည်ရှိသည့် ဟိုးဟော့မြို့ Huhehaote ဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်သည်။

**သမိုင်းဝင်မြို့တော်တစ်ခုအဖြစ် တည်ရှိ**

ဟိုးဟော့မြို့ကို ၁၆ ရာစုတွင် အလာတန်ခန် (Altan Khan) က တည်ထောင်ခဲ့ပြီး မွန်ဂိုလူမျိုးများ၏ သမိုင်းဝင်မြို့တော်တစ်ခုအဖြစ် တည်ရှိခဲ့ရာမှ ယနေ့ခေတ်တွင် မွန်ဂိုလီးယားရိုးရာယဉ်ကျေးမှုနှင့် ခေတ်မီမြို့ပြဖွံ့ဖြိုးမှုတို့ ပေါင်းစပ်ကာ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ သမိုင်းဝင်အမွေအနှစ်များ၊ ဗိသုကာလက်ရာများ၊ ခေတ်မီမြို့ပြအဆောက်အအုံများနှင့် သဘာဝအလှတရားများက နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်သည့် သာယာလှပသောမြို့တော်တစ်ခုဖြစ်လာသည်။

ဟိုးဟော့မြို့သည် ၁၇၂၄ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး လူဦးရေ ၃ ဒသမ ၄ သန်းခန့် မှီတင်းနေထိုင်လျက်ရှိသည်။

"ဟိုးဟော့ဆိုတဲ့ အမည်က မွန်ဂိုဘာသာစကားနဲ့ အပြာရောင်မြို့တော် (Blue City)လို့အဓိပ္ပာယ်ရပြီး မွန်ဂိုလီးယားယဉ်ကျေးမှုနဲ့ ဟန်လူမျိုးတို့ရဲ့ ဓလေ့ထုံးတမ်းတွေပေါင်းစပ်ထားတဲ့ ထူးခြားတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ ဒီဒေသက ရိုးသားတယ်၊ ကြင်နာတတ်ပြီး စိတ်စေတနာလည်း ကောင်းကြတယ်"ဟု အမျိုးသမီးလေးက ဆက်လက်ရှင်းပြသည်။

**ရိုးရာအစားအစာများ**

ခရီးသွားများ လေ့လာလည်ပတ်စရာ အထင်ကရနေရာများစွာ တည်ရှိပြီး နို့၊ လက်ဖက်ခြောက်နှင့် ဆားရောစပ်ထားသော (Mongolian Milk Tea)၊ သိုးသားစသည်ဖြင့် ဒေသထွက် ရိုးရာအစားအစာများမှာလည်း အတွင်းမွန်ဂိုလီးယားဒေသ ဟိုးဟော့မြို့၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နို့နှင့် နို့ထွက်ပစ္စည်းစားသုံးမှု လိုအပ်ချက်ကို အဓိကပံ့ပိုးပေးနေသည့် မြို့တော်အဖြစ် ကျော်ကြားပြီး ဟိုးဟော့မြို့ရှိ National Center of Technology Innovation for Dairy သည် အတွင်းမွန်ဂိုလီးယား၏ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ သုတေသနနှင့် စီးပွားရေးတို့ကို အချိုးညီပေါင်းစပ်ကာ ကျေးလက်ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထိ အကျိုးပြုဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဘေးကင်းမှုကို အဓိကထားပြီး အရသာ၊ အရည်အသွေးတို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံများအထိ ဈေးကွက်အခိုင်အမာရရှိနေသည့် Yili ကဲ့သို့ နိုင်ငံတကာ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီကြီးများ တည်ရှိသည်ကို တွေ့ရသည်။

ဟိုးဟော့မြို့ကို AI နည်းပညာသုံး (Smart City) အဖြစ် အကောင်အထည်ဖော်ဆောင်ရေး၊ လမ်းပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရန် ယာဉ်ကြောထိန်းချုပ်ခြင်း၊ စွမ်းအင်သုံးစွဲမှုလျှော့ချရေး၊ အလင်းရောင်၊ ရေနှင့် လျှပ်စစ်စီမံခန့်ခွဲမှုများ၊ ဒေသခံလုပ်ငန်းများအား အွန်လိုင်းဈေးကွက်နှင့် ချိတ်ဆက်ပေးပြီး ဒစ်ဂျစ်တယ်စီးပွားရေးအသွင်ကူးပြောင်းရေးတို့အတွက် အရေးပါသည့် (Data Exchange Center) တည်ရှိနေသည်။

နည်းပညာ အံ့မခန်းတိုးတက်မှုများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် ခရီးသွားလုပ်ငန်းများ၊ စီးပွားရေးနှင့် သုတေသနလုပ်ငန်းများအတွက် ဒေတာစင်တာက ဒေတာများကို စနစ်တကျစုစည်းခြင်း၊ သိုလှောင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဖလှယ်ခြင်း ဝန်ဆောင်မှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

ထို့အတူ အနုပညာချစ်မြတ်နိုးသူများ၊ ခရီးသွားဧည့်သည်များနှင့် ရိုးရာယဉ်ကျေးမှုကို လေ့လာလိုသူများအတွက် အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုးဟော့မြို့ရှိ International Sculpture Park သည် စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်သည်။

**အနုပညာလက်ရာမြောက်အောင် ဖော်ကျူး**

ကမ္ဘာကျော် ပန်းပုပညာရှင်များ၏ လက်ရာများ၊ နိုင်ငံတကာမှ ထင်ရှားသောပုဂ္ဂိုလ်များ၏ ရုပ်တုများနှင့် မွန်ဂိုလီးယားရိုးရာပုံပြင်များ၊ သမိုင်းကြောင်းနှင့် လူနေမှုစနစ်များ၊ ယဉ်ကျေးမှုနှင့် သဘာဝအလှတရားတို့ကို အနုပညာလက်ရာမြောက်အောင် ဖော်ကျူးထားသည်။ ဒေသခံများ၏ရိုးရာယဉ်ကျေးမှုနှင့် ခေတ်ပြိုင်အနုပညာကို ပေါင်းစပ်ပြသထားပြီး မတူညီသော ယဉ်ကျေးမှုများကိုပါ လေ့လာနိုင်သည့်အတွက် ခရီးသွားများကို ဆွဲဆောင်နိုင်သော စိတ်ဝင်စားဖွယ်နေရာတစ်ခုလည်း ဖြစ်သည်။

အလှဆင်မီးများကြောင့် ရှုခင်းများကို ပိုမိုသက်ဝင်လှပစေကာ ထူးခြားဆန်းပြားသောရုပ်တုများကလည်း ခရီးသွားများအတွက် အမှတ်တရဓာတ်ပုံရိုက်စရာနေရာတစ်ခုဖြစ်သည်။

မေလမှ စက်တင်ဘာလသည် အပူချိန်သင့်တင့်ပြီး မြက်ခင်းပြင်များစိမ်းလန်းနေချိန်ဖြစ်သည့်အတွက် စိတ်မွန်းကျပ်မှုတို့မှ ဖြေဖျောက်ရန်၊ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝအလှတရားတို့ကို ထိတွေ့ခံစားနိုင်ရန် ဟိုးဟော့မြို့သို့ လည်ပတ်ရန် အကောင်းဆုံးလများပင်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုးဟော့မြို့သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာနှင့် ခရီးသွားလုပ်ငန်းတို့အတွက် ထူးခြားသောဒေသတစ်ခုအဖြစ် တည်ရှိနေပြီး နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ တာဝန်ကျေနေသော မြို့ပြတစ်ခုအဖြစ် မှတ်တမ်းတင်မိပါသည်။ ။

> **❝ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နို့နှင့် နို့ထွက်ပစ္စည်းစားသုံးမှု လိုအပ်ချက်ကို အဓိကပံ့ပိုးပေးနေသည့် မြို့တော်အဖြစ် ကျော်ကြားပြီး ဟိုးဟော့မြို့ရှိ National Center of Technology Innovation for Dairy သည် အတွင်းမွန်ဂိုလီးယား၏ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ သုတေသနနှင့် စီးပွားရေးတို့ကို အချိုးညီ ပေါင်းစပ်ကာ ကျေးလက်ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထိ အကျိုးပြုဆောင်ရွက်လျက်ရှိ ❞**



ဟိုးဟော့မြို့ရှိ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံကို တွေ့ရစဉ်။



ဟိုးဟော့မြို့ရှိ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံ၌ စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်နေစဉ်။

# နေပြည်တော်အတွင်း ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများကို ဈေးကားများဖြင့် ရောင်းချပေး

နေပြည်တော် မေ ၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်မှုဖြင့် ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မေ ၁ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။




ထိုသို့ လှည့်လည်ရောင်းချရာ မေ ၁၅ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဈေးကားတစ်စီးဖြင့် နေပြည်တော်ကောင်စီဝင်းအတွင်းရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ကြက်သားအကောင် ၂၅၀၊ ကြက်ဥအလုံး ၇၅၀၀၊ ဘဲဥအလုံး ၄၅၀၀ နှင့် ငုံးဥအလုံး ၂၀၀၀ တို့ကို သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်နေသည့် ကစားသမားများအား တွေ့ဆုံအားပေးစဉ်။

○ မြန်မာ့လက်ရွေးစင်မှ

ခြေစစ်ပွဲအောင်မြင်ခြင်းများအတွက် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကာလတိုလေ့ကျင့်သည့် အမျိုးသားလက်ရွေးစင်အသင်းမှလွဲ၍ ကာလရှည် စခန်းဝင်လေ့ကျင့်ရသည့် အမျိုးသမီးလက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများအား လစာနှုန်းထားဖြင့် ထောက်ပံ့လျက်ရှိသည်။ ယခု လေ့ကျင့်နေသည့် အမျိုးသမီးလက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်း စုစုပေါင်း ငါးသင်းမှ ကစားသမား၊ နည်းပြ/အုပ်ချုပ်မှုအဖွဲ့ စုစုပေါင်း ၁၈၆ ဦးအတွက် လစာအပြင် ထပ်ဆောင်းပံ့ပိုးငွေ တစ်ဦးလျှင် ကျပ်တစ်သိန်းဖြင့် စုစုပေါင်း ကျပ် ၁၈၆ သိန်းအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုညီလေး၊ ဓာတ်ပုံ-MFF**

## သတင်းကြေညာချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်သဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နိုင်မာကျေးရွာ ဂျာနယ်
ထွက်ရှိ



၁၅-၅-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂၂)၊ အမှတ် (၁၀) တွင်
- မြန်မာ့စိန်တစ်လုံးသရက်သီးနှင့် သရက်သီးခြောက်များ ဝယ်ယူလိုကြောင်း ရုရှားကမ်းလှမ်း
- အသိဉာဏ်နှင့်ရှောင်ဖယ်ပေး ဆေးလိပ်အန္တရာယ်ဘေး
- အပူရှိန်လွန်ကဲမှု အန္တရာယ်ကာကွယ်ရန် ငါးမွေးမြူသူများအား အကြံပြုနှိုးဆော်
- ဆောက်လုပ်ရေးပစ္စည်းများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် ဈေးရောင်းပွဲတော်ကျင်းပမည်
- စွန့်ပစ်လောင်စာဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်
- နွေစပါးစိုက်ခင်းအတွင်း ဖျက်ပိုးများ နှိမ်နင်းနိုင်ရန် ဥကပ်ပါးနဂျီလွှတ်ခြင်းဆောင်ရွက်
- အီရတ်နိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးမွေးမြူရေးတွင် အခက်အခဲကြုံနေရ
- ကမ္ဘာပေါ်ရှိ သီးနှံစိုက်ခင်းမြေဆီလွှာ ၁၅ ရာခိုင်နှုန်း အဆိပ်သင့်နေ စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင်
(၅၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ပီတူးကျေးရွာ၊ အ.ထ.က(တွဲ)ကျောင်း၊ Grade-11 မှ မောင်စစ်စွမ်းမောင် ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လင်း ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်လင်း**
**[၇/ရတရ(နိုင်)၀၂၃၇၂]**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ပီတူးကျေးရွာ၊ အ.ထ.က(တွဲ)ကျောင်း၊ Grade-11 မှ မောင်တတိုင်းရ ၏ အမည်မှန်မှာ မောင်သူရဒနအောင် ဖြစ်ပါကြောင်း။

**မောင်သူရဒနအောင်**

## "ပျောက်ဆုံးကြောင်း"

ကျွန်မ ရှော်ဟိတာ(ခ) ဒေါ်ခင်စန္ဒာမွန် TOYOTA MARK X GRX 120 (SALOON) (4X2) (R) (White)တွင် သုံးစွဲသော (2L/1648)ကို (၇-၅-၂၀၂၅) ရက် တွင် ရန်ကုန်မြို့တွင် ကားနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ထိုနံပါတ်ပြားကို တွေ့ရှိပါက ၀၉-၅၀၆၈၃၀၇ သို့ ဆက်သွယ်ပေးပါရန်။

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် ပျောက်လျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် 7I/9821 TOYOTA PASSO KGC-10 HATCH BACK (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းပန်းအိဖြူ [၁၀/ဘလန(နိုင်)၀၇၀၅၃၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

## ဥတုရာသီ တောကို မှီ၏

## တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့ စဉ့်ဟယ်ဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ

### Expression Of Interest (EOI) ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ စဉ့်ဟယ်ရပ်ကွက်ရှိ တောင်ကြီးမြို့နယ်စည်ပင်သာယာရေး ဌာနပိုင် စဉ့်ဟယ်ဈေးအား အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (၁၀၀%)ရင်းနှီးမြှုပ်နှံတည်ဆောက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression Of Interest ( EOI ) တင်သွင်းရန် ကြေညာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းသူများအနေဖြင့် မိမိဆောင်ရွက်လိုသည့် အဆိုပြုလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်သည့်ရက်အတွင်း (EOI)၊ စိစစ်ရွေးချယ်ရေးအဖွဲ့ထံ ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် အဆိုပြုလွှာကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားမှုအဆိုပြုလွှာပုံစံနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့် လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအချက်များကို (၁၆-၅-၂၀၂၅)ရက်မှ (၁၆-၆-၂၀၂၅) ရက်နေ့အထိ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၊ အင်ဂျင်နီယာဌာနခွဲတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အဆိုပြုလွှာများကို (၁၆-၆-၂၀၂၅)ရက်နေ့၊ ညနေ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနတွင် တင်သွင်းရမည်ဖြစ်ပါသည်။ အဆိုပြုလွှာတင်သွင်းရမည့်နေ့ရက်နှင့် အချိန်ထက်နောက်ကျတင်သွင်းလာသော အဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၊ အင်ဂျင်နီယာဌာနခွဲ တယ်လီဖုန်းအမှတ် ၀၈၁-၂၂၂၀၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးခရိုင်၊လှည်းကူးမြို့၊သာသနဲ့ရိပ်သာရပ်ကွက်၊ ရိပ်သာ(၂)လမ်း၊ ကွင်းအမှတ်(၁) ၊ ကွင်းအမည်(ရုံးပိုင်း)ကွင်း၊ ဦးပိုင်အမှတ်(၁/၈)၊ ဧရိယာ(၀.၁၄၈)ဧကရှိမြေမှာ လှည်းကူးမြို့နယ် မြေစာရင်းဦးစီးဌာနရုံးတွင် ဒေါ်စိုးစိုးငွေးအမည်ပေါက် (၃/ခ)ကျပြီးမြို့မြေနှင့်မြေပေါ်ရှိပျဉ်+အုတ်ညှပ်နေအိမ် (၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမွေအခင်း အရှုပ်အရှင်း ကင်းရှင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟုအဆိုရှိသူ ဒေါ်ဝေဝေလွင် (ဘ) ဦးကျင်တော [၈/မထန(နိုင်)၀၆၁၃၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်နွယ်နွယ်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဉ္ဇူအေးသိန်း (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၅၇)**
**(မမ/၃၂၄) တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ၀၉-၅၀၄၁၄၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒ၁-၁၄)၊ ဦးပိုင်အမှတ်-၃၂၊ ၆၄x၆၅ ကြား၊ ၁၂၉x၁၃၀ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၇၉၅/၉၀-၉၁)အရ ဦးဘိုကြီး မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်)၀၄၆၆၉၀]အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးဇော်ဦး မှတ်ပုံတင်အမှတ် [၅/ ငဇန(နိုင်)၀၇၀၁၅၈]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၁၇၉)၊ ၃၂x၃၅ ကြား၊ ၅၈ လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၃၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးသီတာ [၉/သပက(နိုင်)၀၃၈၀၄၂]က အမှုတွဲအမှတ် (၀၀၆၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အနောက်အောင်မြေသာစည် အိမ်ရာ၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၀၀၄)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းဆွေ(ကွယ်လွန်) [၁၂/ကမရ(နိုင်)၀၃၇၉၁၈]၏ဇနီးဖြစ်သူ ဒေါ်တင်တင်ကြွေ [၁၂/ကမရ(နိုင်)၀၃၇၉၁၇]မှ ဦးသန်းဆွေအမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်း ပျောက်ဆုံးကြောင်း အထောက်အထားများတင်ပြလာပြီး မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၁၉)၊ ဦးပိုင်အမှတ်- ၈/၆၅x၆၆ကြား၊ ၁၃၁x၁၃၂ ကြားရှိ ဦးဖုန်းမြင့်(ခ) ဦးဘုန်းမြင့် အမည်ပေါက်တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၅၄၂၈/၂၀၁၁)ဖြင့် ဦးမောင်ဇော်က အမွေဆက်ခံခဲ့ပြီး တရားလို ဒေါ်ခင်နွယ်က တရားပြိုင် ဦးမောင်ဇော် (၎င်း၏ GP ရရှိသူ ဒေါ်သန်းလွင်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၃၆/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီ ရရှိသူ ဒေါ်ခင်နွယ် [၉/နထက(နိုင်)၁၂၉၉၄၀]က အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခဲ့ရာ အမည်ပြောင်းခြင်းမရှိဘဲ လက်ဝယ်တွင် ပျောက်ဆုံးသည့်အတွက် မြေပုံပြန်လည်အပ်နှံနိုင်ခြင်းမရှိဘဲ အမည်ပြောင်း မြေပုံ၊ မြေရာဇဝင် ပျောက်ဆုံးခြင်းအတွက် ခဲမှတ်တမ်းပယ်ဖျက်ပေးပါရန်နှင့် တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၁၇ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၂၀) တွင် မုန့်ဖုတ်သည် ဦးလေးကြီးသည် ခိုကလေးများကို နေ့စဉ် စေတနာထား အစာကျွေးရာက ခိုလေးများ၏ ကျေးဇူးရှင်အပေါ် ကျေးဇူးသိတတ်မှုကို ပြန်လည် ခံစားရပုံအကြောင်း သရုပ်ဖော်ထားသည့် "မေတ္တာရောင်ပြန်" မျက်နှာဖုံးကာတွန်း၊ အပူလျှပ်ခြင်း၏ လက္ခဏာများနှင့် အပူမလျှပ်စေရန်အတွက် သတိပြုဆင်ခြင်နိုင်သည့်နည်းလမ်းကောင်းများအကြောင်း တင်ဆက်ထားသည့် "အပူလျှပ်ခြင်း" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဖေဖေနှင့် မေမေ ပြောသည့်စကားကို တစ်သဝေမတိမ်း လိုက်နာကြသော ကီးကီးနှင့် ဂျိုးဂျိုးအကြောင်း သရုပ်ဖော်ထားသည့် "ကီးကီး၊ ဂျိုးဂျိုးနဲ့ မိဘစကား မဖယ်ရှား" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် ငယ်ရွယ်ချိန်ကတည်းက အသုံးနှင့်အဖြုန်းကို ခွဲခြားသိပြီး မကုန်သင့်သည်ကို မကုန်အောင် စည်းကမ်းတကျ ပြုမူနေထိုင် တတ်ရမည်ဖြစ်ကြောင်း တင်ဆက်ထားသည့် "စိုပြည်သာယာ တို့ကမ္ဘာ" ဝတ္ထုကဏ္ဍ၊ ရပ်ကွက်လမ်း သန့်ရှင်းရေးတွင် ပါဝင်ကူညီကြမည်ဆိုသော တင်မျိုးဇော်တို့ သူငယ်ချင်းတစ်စု အကြောင်း သရုပ်ဖော်ထားသည့် "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများနှင့်အတူ မွေးနေ့ပွဲကို ပျော်ရွှင်စွာ ကျင်းပရသည့်အတွက် ပျော်ရွှင်မဆုံးဖြစ်ရပုံအကြောင်း ရေးဖွဲ့ထားသည့် ဆရာ မင်းနီခိုင် (မောင်တော)၏ "သားသားမွေးနေ့" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင်




ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ MNL မှ

Junior Lions အသင်းက ရာမညယူနိုက်တက်အသင်းကို သုံးဂိုးပြတ်၊ အား/ကာသိပွဲအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ငါးဂိုးပြတ်၊ ရတနာပုံအသင်းက ဧရာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး Falcon အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့က တစ်ဂိုးစီ သရေ၊ သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း တို့က တစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ် (၃) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့က ကိုးမှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ အား/ကာသိပွဲ၊ Junior Lions၊ ရတနာပုံအသင်းတို့က ခြောက်မှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက ငါးမှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက လေးမှတ်၊ ရာမညယူနိုက်တက်အသင်းက သုံးမှတ်၊ သစ္စာအားမာန်အသင်းက နှစ်မှတ်၊ Falcon နှင့် Dagon Port အသင်းတို့က တစ်မှတ်စီရရှိထားပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့မှာမူ အမှတ်မရသေးပေ။

**သတင်းကိုညီလေး၊ ဓာတ်ပုံ-MNL**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ရွှေဟသာ်လမ်း၊ အမှတ်(၁၃)၊ ၆-လွှာ(ဝဲ)၊ အပေါ်ဆုံးထပ်၊ အကျယ်အဝန်း (၁၂ပေx ၅၀ပေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်နဒီလှိုင်းဝေ[၁၂/ဒဂတ(နိုင်)၁၃၆၀၃၇] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိသိန်း [LL.B, LL.M, WIPO (Switzerland)]**
**အထက်တန်းရှေ့နေ (စဉ်-၄၃၁၀၅)**
**အမှတ်(၂၈၈)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၁၀၈၃၀၀၊ ၀၉-၇၈၄၉၀၄၈၈၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၂၃၁၇)၊ ဧရိယာ(၀.၀၉၇)ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်ခင်သန္တာအောင် [၁၃/သနန(နိုင်)၀၀၀၄၈၇]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **ဦးဖြိုးသူ[၉/ပမန(နိုင်)၁၄၆၃၈၀]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်** ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း (၄၀)၊ မြေကွက်အမှတ် (၁၄၁၇)၊ အကျယ်အဝန်း (၁၀ပေx ၆၀ပေ) (ခေါင်းရင်းခြမ်း) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စိုးဝင်း [၁၂/ဥကတ(နိုင်)၂၁၅၆၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ဝင်းဖြူ (LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၂၈၄/၂၀၁၃)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၁၁၀၃၃၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆ သမိုင်း)၊ မြေကွက်အမှတ်(၄/စ/၂)၊ ဧရိယာအကျယ်အဝန်း (၀.၂၁၇)ဧက ကျယ်ဝန်းသော မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်းနှင့် မလိခလမ်းထောင့်၊ အမှတ်(၂/ခ) ဟုခေါ်တွင်သည့်အဆောက်အဦ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်စန်းခင်(ခ) ဒေါ်မဥ္ဇူသင်း (ဘ) ဦးချင်ပမောင် [၁၂/လသန(နိုင်)၀၀၀၄၉၈]ထံမှ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

၎င်းမြေကွက်နှင့် အဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၆၉ ၅၁၀၂၉၃၀၊ ၀၉–၇၉ ၅၇၃၀၉၅၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ဗန္ဓုလလမ်း၊ အမှတ်(၃၃၄) ဟုခေါ်တွင်သောမြေပေါ်ရှိ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃–လွှာ/အေ) အကျယ်အဝန်း (၁၇×၅၄) ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးရဲထွန်းအောင်** (၁၃/လရန(နိုင်)၁၅၆၃၆၂) ထံ (၁၃.၅.၂၅) ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ **ဦးရာဂျား**(၁၂/သလန(ပြု) ၀၀၀၇၀၆) မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ သို့ဖြစ်၍အဆိုပါတိုက်ခန်းအားကျွန်ုပ်၏ မိတ်ဆွေသာလျှင် ဥပဒေနှင့်အညီ တရားဝင်လက်ရှိထား ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၂၆၅)၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဒေါ်နုနုအေး (N/RGN-002581)အမည်ပေါက် ပါမစ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်ထံက ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိလက်ရောက်ရယူထားသူ ဒေါ်နီနီထွန်း [၁၁/ကဖန(နိုင်)၀၅၃၈၆၄]မှ တရားဝင် ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ဒေါ်မေသင်းကြူ [၁၂/တမန(နိုင်)၁၂၅၀၄၆]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်အကြောင်းကြားစာ

## ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၁၁

| | |
|---|---|
| ဒေါ်မြင့်မြင့်ကြည်(ကွယ်လွန်သူ ဦးမျိုးသန်း၏တရားဝင်ကိုယ်စားလှယ်) (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်မြတ်အောင်) နှင့် | ၁။ ဦးကြည်စိုး<br>၂။ ဦးကြည်လှိုင်<br>၃။ဒေါ်တင်တင်ဝင်း |
| **ပြင်ဆင်မှုလျှောက်ထားသူ** | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

ဟသ်ာတခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇/၂၀၂၃ ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက် ရက်စွဲပါ အမိန့်နှင့်ဒီကရီကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ ပြင်ဆင်မှုလျှောက်ထားခံရသူအမှတ်(၂) ဦးကြည်လှိုင်၊ အမှတ်(၅၈၉)၊ နိဗ္ဗိန္ဒလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ လျှောက်ထားခံရသူအမှတ်(၃) ဒေါ်တင်တင်ဝင်း၊ အမှတ်(၅၆)၊ ဆေးဝါးစက်ရုံလမ်း၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ဟသ်ာတခရိုင်တရားရုံးတော်မှချမှတ်ပေးသည့် အမိန့်နှင့်ဒီကရီကို ဒေါ်မြင့်မြင့်ကြည် (ကွယ်လွန်သူဦးမျိုးသန်း၏ တရားဝင်ကိုယ်စားလှယ်)( ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်မြတ်အောင်)က ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင်မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၂၅ ခုနှစ်၊ မေ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၄၆)၊ ရွှေတောင်တန်းလမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (22 Z¹)၊ မြေကွက်အမှတ်-V-165၊ ဧရိယာ(၀.၀၂၇) ကေအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဦးစန်းယု [၁၂/လမတ(နိုင်)၀၃၀၂၉၀]အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ (စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## အများသိစေရန်ကြေညာချက်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ကျောက်မျက်ရတနာအချောထည်ဈေးအနီး၊ တော်ဝင်ရတနာလမ်း၏ အရှေ့ဘက်ရှိ အကျယ်အဝန်းပေ(၆၀ × ၁၀၀)၊ မြေကွက်အမှတ်(E-064)၊ ဦးတင်ချယ်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးတင်ချယ် (၃/မဝတ(နိုင်)၀၀၀၄၄၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက (၁၄-၅-၂၀၂၅)ရက်နေ့တွင် "မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အရောင်းအဝယ်နှစ်ဦးသဘောတူ စရံပေးကတိစာချုပ်" ဖြင့် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** **ဒေါ်အေးမြင့်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၀)**
**(LL.B,GTI(EC),DL-101, WIPO (Switzerland))**
**အမှတ်(၃၃/A)၊ ပထမထပ်၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၂၅၀၁၅၀၃၄ ၊ ၀၉-၇၉၂၃၉၇၁၀၇၊ ၀၉-၅၁၄၇၃၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ အောင်သိဒ္ဓိလမ်း၊ မြေကွက်အမှတ်(၉၃၀) မြေကွက်ပေါ်ရှိ (အလျား ၂၀' x အနံ ၆၀') အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်နှင့် လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်နေခြည်နွေး [၁၂/မဂတ(နိုင်)၀၇၇၈၄၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၄၇)**
**ဖုန်း-၀၉-၄၂၀၃၀၆၉၃၈**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ တိုက်အမှတ်-၃၇၊ ၄-လွှာ/တတိယထပ်ရှိ ဦးစိုးနိုင်(ကန်ထရိုက်တာ) ပိုင်ဆိုင်သည့်တိုက်ခန်း အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ထားသည့် ဦးစိုးနိုင် (ကန်ထရိုက်တာ) [၁၂/မဂတ(နိုင်)၀၀၀၉၂၆]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်ငွေး( LL.B,D.B.L,D.I.L ) ဒေါ်ခိုင်ဦးသူ (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉) အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)**
**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၉၀၉၀**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၂၄)၊ (၃)လွှာ အကျယ်အဝန်း (၁၂.၅ ပေ x ၅၀ ပေ) နှင့်ပတ်သက်၍ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

၁။ အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ တိုက်ခန်းကို ဆက်စပ်စာချုပ်များဖြင့် တိုက်ခန်းပိုင်ဆိုင်ကြောင်း တာဝန်ယူသူ ဦးဝင်းနိုင် [၁၂/ပဇတ(နိုင်)၀၀၈၈၆၅] သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စံပယ်ခိုင် [၁၄/လပတ(နိုင်)၂၄၉၅၄၇]အား တိုက်ခန်းရောင်းချရန် ကမ်းလှမ်းခဲ့ပါသည်။ ဝယ်သူကရောင်းချသော တိုက်ခန်းတန်ဖိုးငွေ၏ ကမ်းလှမ်းတန်ဖိုးဖြင့် ဝယ်ယူရန် သဘောတူပါသည်။ ထိုတိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ဝယ်သူက စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုတိုက်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ထိုတိုက်ခန်းပိုင်ဆိုင်မှု၏ စာချုပ်မူရင်းနှင့်တကွ ဆက်စပ်စာချုပ်များကိုတင်ပြပြီး ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် ( LL.B )တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၄၅)**
**အမှတ်(၃၁)၊ မြေညီထပ်၊ ၉-လမ်း၊ ၄-ရပ်ကွက်၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၂၆၅၂၄၁၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၉၊ မြေကွက်အမှတ်- ၅၃၆၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးကျော်မောင်[၁၂/ပခန(နိုင်)၀၂၁၅၉၁] အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ဝန်ခံသူ ဦးဇော်မိုးအောင် [၁၂ /သလန(နိုင်)၀၀၀၀၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၈၈)**
**အမှတ်-၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း(၁)၊ (၅၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၆၆၂၄၃၀၂၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၀၁၉) အနော်ရထာလမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၆၀ ပေ x ၄၀ပေ)၊ ဧရိယာ(၀.၀၅၅)ကေ၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက် ဒေါ်နုနုအေး [၁၂/သဃက(နိုင်)၀၇၁၈၀၇]က မြေးအရင်းဖြစ်သည့် ဒေါ်အေးချမ်းမိုးပွင့် [၉/ဥတသ(နိုင်)၀၀၇၄၆၁]နှင့် ဦးအောင်ဘုန်းမြတ် [၁၀/ပမန(နိုင် ၂၂၃၇၇၂] တို့အား ချစ်ခြင်းမေတ္တာအရ အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်(၃/ကံ့ကော်ရိပ်သာ-၁)၊မြေကွက်အမှတ်(၂၁၄)၊ အကျယ်အဝန်း(၀. ၂၂၉ကေ)(၁၀၀ပေ×၁၀၀ပေ)ရှိ ဒေါ်ရင်ငွေး(၁၀/မလမ(နိုင်)၁၁၀၅၉၆) အမည်ပေါက်သည့် နှစ် ၆၀ ဂရန်မြေကွက်နှင့်နေအိမ်အပါအဝင်အကျိုးခံစားခွင့်များအား အမည်ပေါက်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ရင်ငွေး ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများ ရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/တောင်)ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်-(၈၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)လွှာ(ယာဘက်) တိုက်အဆောက်အဦမှ အလျား(၁၂½)ပေ x အနံ(၈၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နုနုစံ[၁၂/သကတ(နိုင်)၁၁၂၄၀၁]က ကျွန်ုပ်၏မိတ်ဆွေ ဦးဉာဏ်လင်းဖြိုး [၁၁/သတန(နိုင်)၀၅၈၂၃၁}ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဉာဏ်လင်းဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လင်းမြင့် LL.B, BDS(MOFA), WIPO DL 101**
**အထက်တန်းရှေ့နေ(စဉ်-၄၆၈၃၇)**
**အမှတ်(၆၁)၊ ၁၅၇-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၈၀၅၇၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(5B)၊ (12)ထပ်၊ အခန်းအမှတ်(1205)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ အိမ်ရာတိုက်ခန်း တစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစိုးသူအောင် [၆/ထဝန(နိုင်)၀၀၃၀၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်အေး [၇/ကကန(နိုင်)၀၃၆၆၂၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေကျော်ကိုကို (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၇၀)**
**အမှတ်(၂၈)၊ ဓမ္မဒါနလမ်း၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၃၄၆၀၅၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၈၀၃)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၄၅ပေx၆၀ပေ)၊ ဧရိယာ (၀.၀၆၃)ကေရှိ ဒေါ်ညိုညိုအေးအမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် အမှတ်(၈၀၃)၊ ရွှေနှင်းဆီ(၂)လမ်းနှင့် ရွှေနှင်းဆီလမ်းထောင့်၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် တကွ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ခင်မိုးအေး [၁၂/ဒဂမ(နိုင်)၀၂၅၁၀၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၁၃-၅-၂၀၂၅) ရက်စွဲပါ "မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦးLL.B, D.B.L, B.D.S (MOFA)(Dip in English),** |
| **LL.B.W.I.P.O (Switzerland)** | **W.I.P.O (Switzerland)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၅၀၃၇)** | **အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)** |

**အမှတ်၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ (၆/၁၃) ရပ်ကွက်၊ စစ်တောင်းလမ်း၊ မြေကွက်အမှတ်(၅၈/က)၊ အကျယ်အဝန်း (၂၂'x၆၀')ရှိ နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အနေအထားဖြင့် (မြေကွက်အားမျက်နှာမူကြည့်လျှင်- ဘယ်ဘက်ခြမ်း) အကျယ်အဝန်း (၁၀'x၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ကြီးစိန် (ISN- ၀၇၀၈၆၁) အမည်ဖြင့် မှတ်သားတည်ရှိ၍ ဒေါ်ကြီးစိန် ကွယ်လွန်ပြီးနောက် တရားဝင်အမွေဆက်ခံခွင့်ရှိသော သားဖြစ်သူ ဦးတင်ထွေး [၁၂/ရပသ(နိုင်)၀၀၆၁၄၆]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးကြည် [၁၂/ရပသ(နိုင်)၀၀၅၉၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆/၉) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၇ သမိုင်း၊ မြေကွက်အမှတ်- ၂/ဃ၃/၂ A-၁၊ မြေဧရိယာ- (၀.၂၂၇)ဧကရှိ မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၁၀A၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဝေါင်ရတ်ထိုင် (ခ) ဦးခင်မောင်မြင့် (ဘ) ဦးဝမ်ဟိုလျောင် [၁၂/လမတ(ဧည့်) ၀၀၀၅၅၄]၏ GP အမှတ်- ၂၄၈၇၇/၂၀၂၃ (၂၁-၁၁-၂၀၂၃)(ရန်ကုန်)ရရှိပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဦးရာဇာမျိုးဝင်း (ဘ) ဦးမျိုးတင့်ကြည် [၁၂/ရကန(နိုင်)၀၆၄၉၈၁]၊ အမှတ်- ၅၆၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိအဆောက်အဦအား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာ အုပ်စု၊ အကွက်အမှတ်(၅၉၉)၊ ကျောက်ကန်ကွင်း၊ ဦးပိုင်အမှတ်(၅၈/၁)၊ မြေအကျယ်အဝန်း ဧရိယာ (၁.၂၉)ဧကထဲမှ (၁.၀၀)ဧကရှိသော ဥယျာဉ်ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့သည် မှော်ဘီမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတွင် **ဦးမျိုးအောင် [၆/ထဝန(နိုင်)၀၃၉၀၅၄]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ **ဒေါ်နွဲ့နွဲ့စန်း [၁၂/မဂဒ(နိုင်)၀၈၀၇၀၆]**သည် အမွေဆက်ခံပိုင်ဆိုင်ထားပြီး **ဒေါ်နွဲ့နွဲ့စန်း**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဝေမာလွင် [၅/ငဇန(နိုင်) ၀၆၁၄၅၉]**မှ (၁၃-၅-၂၀၂၅)နေ့စွဲပါ **"နှစ်ဦးသဘောတူ ဥယျာဉ်ခြံမြေ အပြီး အပိုင် အရောင်းအဝယ်ကတိစာချုပ်"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** **(စဥ်-၁၁၄၀၆)** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်စုစုလှိုင်(LL.B)** **(စဥ်-၅၅၅၆၃)**

**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** **(စဥ်-၅၆၆၆၂)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကာ(၂)လမ်း၊ အမှတ် (၃၇၃ အေ/က)နေ ဦးသက်ဇင်ဌေး [၁၂/ဗဟန(နိုင်)၀၈၆၂၉၇]နှင့် ဒေါ်ဆွေဆွေဝင်း [၁၃/သနန(နိုင်)၀၀၈၃၅၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကာ(၂)လမ်း၊ အမှတ် (၃၇၃အေ/က) ဟု ခေါ်တွင်သော နေရပ်လိပ်စာရှိ အလျား ၆၀ပေx အနံ ၆၀ပေ၊ စတုရန်းပေ (၃၆၀၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၅)ထပ်တိုက် ကားရပ်နေရာပါ အဆောက်အဦကိုဆောက်လုပ်ရန် (၂၆-၆-၂၀၁၄)ရက်စွဲဖြင့် SIN YANGON GROUP LTD နှင့် ကျွန်ုပ်၏မိတ်ဆွေ မြေရှင်များဖြစ်သော ဦးသက် ဇင်ဌေး+ဒေါ်ဆွေဆွေဝင်းတို့ နှစ်ဦးသဘောတူကတိစာချုပ် ချုပ်ဆိုခဲ့ပါသည်။ သို့သော် SIN YANGON GROUP LTDသည် ကျွန်ုပ်၏မိတ်ဆွေမြေရှင်များဖြစ် သော ဦးသက်ဇင်ဌေး+ဒေါ်ဆွေဆွေဝင်းနှင့် ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်း ချက်များအတိုင်း ပြီးစီးအောင်ဆောက်လုပ်ခြင်းမရှိသလို ကျွန်ုပ်၏မိတ်ဆွေများမှ အကြိမ်ကြိမ်ဆက်သွယ်ပါသော်လည်း အဆက်အသွယ်မပြုလုပ်ခဲ့ပါ။ ပြီးစီးအောင် တာဝန်ယူဆောက်လုပ်ပေးခြင်းလည်းမရှိခဲ့ပါ။ ယနေ့အချိန်အထိ တိမ်းရှောင်နေ ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ မြေရှင်များက ဆောက်လုပ်ပြီးစီးခြင်းမရှိသော အဆောက်အဦကို ပြီးစီးအောင်ဆောက်လုပ်ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကန်ထရိုက်တာ ရရှိမည့် ကျန်ရှိသည့် B2, C2 နှစ်ခန်းတို့အား SIN YANGON GROUP LTD နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။ ကျွန်ုပ်မိတ်ဆွေမြေရှင်များဖြစ်ကြသော ဦးသက် ဇင်ဌေး+ဒေါ်ဆွေဆွေဝင်းတို့ကသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးသက်ဇင်ဌေး+ဒေါ်ဆွေဆွေဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၅၈၅)**
**တိုက်(၃)၊ အခန်း(၁၀၆)၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း - ၀၉-၉၄၁၄၅၆၂၆၂၊ ၀၉-၂၆၂၆၆၂၃၉၉၊ ၀၉-၇၉၅၆၆၉၃၂၆**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ် (၁၁၀၈)မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ(ညာဘက်ခြမ်း)၊ (၁၇' x ၅၄')အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များ ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်နှင်းရှင့်ဟွေ (၁၂/ဒဂမ (နိုင်) ၀၃၀၂၁၅)ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေငြာ သည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ဇင်မာသက် LL.B | ဒေါ်ဝါဝါလှိုင် LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၅၇၇) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၆၅၀) |

အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၅၀၂၅၃၈၂၊ ၀၉ ၄၂၀၀၆၃၄၉၉

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်- ၃၉/ဘီ (တိုက်အားမျက်နှာချင်းဆိုင်ကြည့်လျှင် ယာဘက် ခြမ်း)၊ ၃-လွှာ၊ အကျယ်အဝန်း (၁၇ပေx ၆၅ပေ) ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၌ တပ်ဆင်အသုံးပြုလျက်ရှိသည့် ရေ၊ မီးအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်အကျိုး ခံစားမှု အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ **ဒေါ်စန္ဒာဝင်း [၁၂/ တတန(နိုင်)၁၆၅၁၈၆]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထက်ကို ( LL.B )** | **ဦးထက်ဦးလွင် (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၁၆၂၄)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၆၆၆)** |
| **ဖုန်း- ၀၉-၇၈၅၅၈၄၃၀၇** | **ဖုန်း - ၀၉-၂၅၀၀၂၁၇၀၈** |

**အမှတ်- ၁၂၂၊ ပထမထပ်(ဝဲ) ၊ ၃၉-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ (၃၅)လမ်း အောက်ဘလောက်၊ တိုက်အမှတ် (၃၅) ဟုခေါ်တွင်သော (၉)ထပ်တိုက်အဆောက် အဦ၏ (၄)လွှာ(ယာ)ခန်း၊ အကျယ်အဝန်း (၁၅ပေx ၅၀ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ပါကြောင်း အမှုအခင်း၊ အရှုပ်အရှင်းကင်းရှင်းလျက် အလွတ်လက်ရောက် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်မြင့် [၁၂/စခန(နိုင်) ၀၆၁၉၀၉]၊ ဒေါ်သန်းသန်းအေး [၁၂/စခန(နိုင်)၀၂၂၃၀၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးသက်နိုင်သိန်း [၉/မထလ(နိုင်)၂၃၅၂၆၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက် အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုး (LL.B.,D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၆၉)**
**အမှတ်-၃၃/၄၉၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၁၇၃၃၅၄**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံး၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၂

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်ခင် | နှင့် | ၁။ ဦးမြင့်လွင် |
| | | ၂။ ဦးဝင်းသိန်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးသုခ လမ်း၊ အမှတ် (၆၁)နေ (၁) တရားပြိုင် ဦးမြင့်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဂရုဏာ (၅)လမ်း၊ အမှတ် (၆၈၆/ခ)နေ (၂)တရားပြိုင် ဦးဝင်းသိန်း(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"(၅-၁၁-၂၀၁၉)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းဝယ်ယူခြင်း ကတိစာချုပ်အရ ကြိုတင်ပြဋ္ဌာန်းစနစ်ဖြင့် ဝယ်ယူခဲ့သည့်တိုက်ခန်း အား လက်ရောက်ရလိုမှု (သို့မဟုတ်) (၁-၃-၂၀၂၃)ရက်စွဲပါ ဝန်ခံကတိပြုသဘောတူ စာချုပ်အရ တိုက်ခန်းသတ်မှတ်တန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀ိ/-(ကျပ်သိန်းသုံးရာ ငါးဆယ်တိတိ)အပြင်နှင့် နစ်နာကြေးငွေကျပ် ၅၀၀၀၀၀၀၀ိ/- (ကျပ်သိန်းငါးရာ တိတိ)အပါ စုစုပေါင်းငွေကျပ် ၈၅၀၀၀၀၀၀ိ/- (ကျပ်သိန်းရှစ်ရာ ငါးဆယ်တိတိ) ရလိုမှု"** နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၃)ရက်၊ (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည် ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလို သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ (၁၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်နွယ်အောင် )**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်းမ၊ အမှတ် (၁၂၃/က)နေ မရွှေစင်သန့် [၁၂/ကမတ (နိုင်) ၀၄၉၇၂၃] ကိုင်ဆောင်သူ၏မိခင် ဒေါ်မြစမ်း (ခ) ဒေါ်မြစန်း [၁၂/ကမတ(နိုင်) ၀၀၉၅၈၇]မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၂/ယမုံနာ- ၁၊ မြေကွက် အမှတ်- ခ/၁၅၈၊ ဧရိယာ (၀.၀၂၈) ဧက၊ မြေကွက်တည်နေရာအမှတ်- ၃၇၂၊ ၁၅-အလယ်လမ်း၊ ယမုံနာ- ၁ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအောင်မင်း (SRM-၀၉၄၀၉၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးအောင်မင်း အပေါ် တရားပြိုင်ထားကာ ဒေါ်ခိုင် စုလှိုင်မှ တရားလိုပြုလုပ်၍ ဒေါပုံ မြို့နယ်တရားရုံး၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေး စေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် ချမှတ်သည့် (၁၄-၁၁-၂၀၂၄)ရက်စွဲပါ စီရင်ချက်ဒီကရီ အမိန့်တာဝန်ခံ မိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၂/၂၀၂၅ ၏ (၃၁-၁-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံ မိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၂၄-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၆၀(က)/၁၃-၁/၂၀၂၅ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန (နိုင်)၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့ တင်ပြ၍ အရောင်းအဝယ် မှတ်ပုံတင် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ တာဂွ ရှမ်းရွာကုန်း ရွာလမ်းမကြီးဘေးတင် မြေကွက်ဟုခေါ်တွင်သော အကျယ်အဝန်း (၅၅x၆၀)ပေရှိ မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရိုခန့်ကျိုန် (TDM-066157)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်ပြုံး [၇/ဒဥန(နိုင်)၀၁၈၆၁၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသော ကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ပြုံး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး (LL.B , D.B.L,C.B.L)**
**အထက်တန်းရှေ့နေ (စဉ် -၃၄၄၀၂)**
**အမှတ်(၂၇၀/က-ခ)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၆၆၅၂၁၀၂၇၈**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆-D1)၊ မြေကွက်အမှတ် (၁၃၆၊၁၃၇)၊ "အမှတ်(၁၉+၂၁)၊ ပွဲစားတန်းလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်"ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ (၅)လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၄ပေx ၄၈ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဥပဒေအရ တရားဝင်လက်ဝယ်ထားပိုင်ဆိုင် ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးဝင်းနိုင်ထွန်း[၁၄/မမန(နိုင်)၁၂၈၅၇၆]မှ ဝန်ခံသဖြင့် ဦးဝင်းနိုင်ထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထိုက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ LL.B., D.B.L, D.I.L, WIPO**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၆၀/၂၀၁၇)**
**အမှတ်-၈၃၇၊ မင်းရဲကောင်းပုံလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်းနံပါတ်- ၀၉-၇၉၉၆၈၁၂၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၆၈/၃၊ မြေကွက်အမှတ် (၁၅၈)၊ ပေ ၄၀x ပေ ၆၀ အကျယ်အဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မြေယာဌာနတွင် အရာခံဗိုလ် ပြုံးကြည် [၁၂/ရကန(နိုင်)၀၁၁၄၈၃] အမည်ဖြင့်မှတ်သားတည်ရှိသော ပါမစ် မြေကွက်ကို ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဒေါ်ချိုချိုသင်း [၁၂/စခန(နိုင်) ၀၀၂၄၈၂]က တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ကြောင်း ဝန်ခံပြော၍ ရောင်းချလို ကြောင်းကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းမြအေး (LLB,D.B.L) အထက်တန်းရှေ့နေ(စဉ် - ၃၀၂၈၅)**
**အမှတ် (၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၈၀၀၄၁၄၉၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက် အမှတ်(ထ/၆၀)၊ မြေအကျယ်အဝန်း (၄၀ပေx ၁၀၀ပေ)၊ ဧရိယာ (၀.၀၉၂)ဧက၊ (၄၀၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးသိန်းမြင့်ဝင်း [၁၂/ သကတ(နိုင်)၀၀၆၅၁၆]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာ လျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၆၆၂)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကောလိယ(၂၂)လမ်း၊ မြေကွက် အမှတ်(၄၈၇)၊ မြေအကျယ်အဝန်း(၁၀ပေx၆၀ပေ)၊ မြေကွက်အမှတ် (၄၈၈)နှင့်ကပ်လျက်အခြမ်း၊ နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်သိန်းသိန်း [၁၂/ဥကတ(နိုင်)၀၆၈၆၃၀]** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်သင်းနွေမာစိုး[၁၂/ သဃက(နိုင်)၁၆၅၈၂၅]**သည် **"နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၆၆၂)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အားပေးချီးမြှင့်

ရန်ကုန် မေ ၁၅

ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများအား မေ ၁၅ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တွေ့ဆုံအားပေးကာ ထပ်ဆောင်းပံ့ပိုးငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန်လတွင် ၂၀၂၆အာရှဖလားအမျိုးသမီးခြေစစ်ပွဲ၊ စက်တင်ဘာလတွင် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ ဒီဇင်ဘာလတွင် (၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲ၊ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ဇွန်လတွင် အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ ဩဂုတ်လတွင် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ၊ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဩဂုတ်လတွင် အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အောက်တိုဘာလတွင် အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ၊ မြန်မာယူ-၁၉ အမျိုးသားအသင်းသည် ၂၀၂၆ ခုနှစ်အတွင်း အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ၊ မြန်မာ ယူ-၁၆ အမျိုးသားအသင်းသည် နိုဝင်ဘာလတွင် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့ညနေပိုင်းတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသမီးအသင်း၊ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသားအသင်းတို့၏ လေ့ကျင့်ရေးကွင်းများသို့ သွားရောက်ကာ အားပေးစကားပြောကြားပြီး ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲအသီးသီးတွင် ဆုတံဆိပ်ရရှိခြင်း၊

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍



ကိုပါအီတာလီယာဖလား လက်ခံရယူပြီးနောက် ဘိုလော့ဂ်နာအသင်း အောင်ပွဲခံစဉ်။

# ဘိုလော့ဂ်နာအသင်း ကိုပါအီတာလီယာဖလား ဆွတ်ခူး နှစ်ပေါင်း ၅၁ နှစ်အတွင်း ပထမဆုံးဆုဖလား ရရှိခဲ့ခြင်းဖြစ်

ဘိုလော့ဂ်နာအသင်းဟာ အေစီမီလန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ကိုပါအီတာလီယာဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘိုလော့ဂ်နာအသင်းဟာ မေ ၁၅ ရက် နံနက်ပိုင်းက အေစီမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါအီတာလီယာဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဘိုလော့ဂ်နာအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်မှာ သွင်းယူခဲ့တဲ့ အင်န်ဒိုယီရဲ့ တစ်လုံးတည်းသောသွင်းဂိုနဲ့ အနိုင်ရပြီး ကိုပါအီတာလီယာဖလား ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ★

# MNL ယူ-၂၁ လိဂ်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း သုံးပွဲဆက်အနိုင်ရရှိ



ရတနာပုံအသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် မေ ၁၅

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ကို မေ ၁၂ ရက်မှ ၁၄ ရက် အထိကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း သုံးပွဲဆက်အနိုင်ရရှိပြီး ဇယားထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည်။

ပွဲစဉ် (၃)တွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုးပြတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုးပြတ်၊

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

**ကိုလံဘီယာနှင့် တရုတ်နှစ်နိုင်ငံ ပိုးလမ်းမစီမံကိန်း ပဏာမပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုး** စာမျက်နှာ » ၁၃

**လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကာ ဓားပြတိုက်၊ လုယက်မှုများ ကျူးလွန်နေသော ဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီး** စာမျက်နှာ » ၁၅

**ရိုးရာယဉ်ကျေးမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ ပေါင်းစပ်ထားသည့် ထူးခြားသောမြို့ပြဒေသ ဟိုးဟော့** ဆောင်းပါး စာမျက်နှာ » ၁၇